သာဓု

# ချစ်တက္ကသိုလ်

(တတိယအကြိမ်)



"မသင်းထုံ ... ခဏဟော့"

ရန်ကုန်မြို့ ရေကျော်လမ်းမတန်းအတွင်းရှိ တစ်ဆောင်သော ခြေတံရှည်အိမ်ကြီး၏ အပေါ်ထပ် ဧည့်ခန်းဝယ်၊ နှစ်ယောက်ထိုင် ဆိုဖာတွင် တစ်ယောက်လည်ပင်း တစ်ယောက် ဖက်လုမတတ် ပူးကပ်ရင်းနှီးစွာ တီးတိုးဆွေးနွေးနေကြသော အသက် ၄၀ကျော်အရွယ် မိန်းမကြီးနှစ်ယောက်သည် သို့လျှင် တစ်ယောက်နားသို့ တစ်ယောက်ကပ်၍ တစ်စုံတစ်ရာပြောလိုက်၊ မနီးမဝေးတွင် ဦးခေါင်းကိုယ်စီငုံ့၍ မလှုပ်မယှက် ငြိမ်နေကြသည့် မိန်းမပျိုနှင့် ယောကျ်ားပျိုတို့ အား မသိမသာ လှမ်းကြည့်လိုက်နှင့် အတော်ကလေး ပီတိဖြာ၍ သာယာနေကြစဉ် ...

"မသင်းထုံ ... ခဏဟော့ ..."

သို့လျှင် ... ပီသပြတ်သား၍ ခန့်ညားစွာ ထွက်ပေါ်လာသော အောက်ထပ်မှ ခေါ်သံကြောင့် ထိုင်နေကြသူ မိန်းမကြီးနှစ်ယောက်အနက် ဖြူဖြူဝဝနှင့် အသားအရေ စိုပြည်လှသော မိန်းမကြီးသည် ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်ပြီး ...

"နေဦးနော် မစိန်ပွင့် ... အောက်ခဏ ဆင်းလိုက်ဦးမယ်"ဟု ပြောရင်း ... မသင်းထုံ အခန်းထဲမှ လှည့်ထွက်သွားသောကြောင့် ၊ ဒေါ်စိန်ပွင့်မှာ ရုတ်တရက် ခေါင်းညိတ်လိုက်မိပြီးမှ တစ်စုံတစ်ရာကို သတိရသကဲ့သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ဒေါ်စိန်ပွင့် လှည့်ကြည့်လိုက်သည့် ဧည့်ခန်းတစ်နေရာတွင် မှ င်သေ

သေနှင့် ထိုင်နေကြသော လူငယ်နှစ်ဦးမှာ လည်း ယခုအချိန်သို့ တိုင် အောင်ပင် ရှိုးတိုးရှန့်တန့် အမူအရာမျိုး ရှိနေကြသေးသည် ကို တွေ့ရ သောကြောင့် ဒေါ်စိန်ပွင့်လည်း ဤတွင် မှ ဘာသဘောပေါက်သွားသည် မသိ၊ ခပ်ပြုံးပြုံးကလေး ငဲ့ကြည့်ပြီးမှ ဆတ်ခနဲ ထ၍ အခန်းထဲမှ ထွက်ခွာသွားပြန်၏။

တစ်ယောက်နှင့် တစ်ယောက် သုံးလေးပေခန့်အကွာတွင် ဆိုဖာကို ယ်စီနှင့် ထိုင်နေကြသော မိန်းမပျိုနှင့် ယောက်ျားလူရွယ်မှာ သို့ ဒေါ်သင်းထုံတို့ နှစ်ယောက်စလုံး ထွက်ခွာသွားမှ ပင် စောစောကထက် အနေရခက်နေတော့သလို ရှက်သွေးကိုယ်စီဖြာ၍ ယောင်ချာချာ ဖြစ်နေကြတော့၏။

အဆိုပါအိမ်ကြီး၏ အောက်ထပ် မျက်နှာစာဘက်တွင် မူ နှုတ်ခမ်း မွေးကျင်စွယ်နှင့် ထည်ထည်သန့်သန့် အသက် ၅၀-ခန့် လူကြီးတစ်ယော က်သည် ၊ ဟို - လျှောက် သည် လှမ်းဖြင့် လမ်းသလားနေရာမှ လှေကား ဆီသို့ မော့ကြည့်လိုက်သည် တွင် ...

"ဘာများ ပါလိမ့်၊ ကိုညိုမောင် ခေါ်တာ ..."ဟူသော မေးခွန်းသံနှင့် အတူ ဆင်းလာသော ဒေါ်သင်းထုံအား ...

"ဘာမှ တော့ ... ထွေထွေထူးထူး မဟုတ်ပါဘူးကွာ ... သူတို့ လူငယ် ချင်း ဆွေးနွေးချင်တာရှိရင် လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်အောင်လို့ မင့်ကို လှမ်းခေါ်လိုက်တာပါပဲ၊ ကဲ ... မစိန်ပွင့်ကိုပါ တက်ခေါ်ချည်ပါဦး ကွာ"

ဦးညိုမောင်သည် လက်တစ်ဖက်ဖြင့်၊ ခေါင်းကိုပွတ်ရင်းက ပြောလို က်၍ မှ စကားမဆုံးသေးမီ ခပ်မှန်မှန်ဖြင့် လှမ်းဆင်းလာသော ဒေါ်စိန်ပွ င့်ကို မြင်လိုက်ရသောကြောင့် ...။

"ဖြစ်ရလေဗျာ … ကျုပ်သမီး တစ်ယောက်တည်း ထားခဲ့ပြီး ခင်ဗျားက - ဘာကြောင့် ဆင်းလိုက်လာရတာတုံး - မစိန်ပွင့်ရဲ့ …"

ဦးညိုမောင် အတည်မျက်နှာထားနှင့် စိမ်းစိမ်းစားစားကြည့်၍ ပြောလိုက်သောကြောင့် ဒေါ်စိန်ပွင့်မှာ ဘာပြော၍ ဘာဖြေရမည်မသိ၊ ငေးကြောင်ကြောင်နှင့် ကြည့်ရင်း အပေါ်ပြန်တက်ရမလို အောက်ဆင်းရမလိုနှင့် ကပိုကရို ဖြစ်နေခိုက်တွင် …

"ကိုညိုမောင်ကလည်း ရှင် …။ လူတစ်ဖက်သား စိတ်မကောင်းအောင် လုပ်မနေစမ်းပါနဲ့ ၊ ဒီမှာ မစိန်ပွင့် သူ့အလကား နောက်နေတာရှင့်၊ ခုပဲ - မစိန်ပွင့်ကို သွားခေါ်ချည်ဆိုပြီး ကျွန်မကို လွှတ်နေသေးတယ် …" ဟု ဒေါ်သင်းထုံက ဝင်၍ ပြောလိုက်မှ ပင် ဒေါ်စိန်ပွင့်ခမျာ၊ ပြုံးနိုင်-ရယ်နိုင် ဖြစ်လာတော့၏။

"ရယ်စရာ ပြောတာပါဗျာ- ဒါပေမဲ့ ခု - ခင်ဗျား ဆင်းလာတာကတော့ ခင်ဗျားသားနဲ့ ကျုပ်သမီးကို နှစ်ယောက်တည်း လွှတ်ပေးချင်လို့ပဲ မဟုတ်လား ၊ မစိန်ပွင့်ရဲ့ ဟဲ … ဟဲ …"

"အလိုလေးလေ - မဟုတ်ရပါလားရှင်"

"ဟုတ်ပါတယ်ဗျာ - ခင်ဗျားတို့ ကျုပ်တို့ လည်း ငယ်ရာကကြီးလာကြတာ၊ အေးပေ့လေ - ဒါမှ ပဲ သူတို့ လူငယ်ချင်း၊ လွတ်လွတ်လပ်လပ် ပြောချင်တာ ပြောနိုင်ခွင့် ရကြမပေ့၊ ဟုတ်ဘူးလား … ကဲ … ကဲ … ထိုင်ကြဦး၊ တိုင်ပင်စရာကလေးတွေ အတော်များများ ရှိသဗျ"

ဦးညိုမောင်က ပြောပြောဆိုဆိုပင် သုံးလေးလှမ်းမျှ လျှောက်သွားပြီး ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်သည် နှင့် ဒေါ်သင်းထုံရော ဒေါ်စိန်ပွင့်ပါ အနီးရှိ ပျဉ်းကတိုးသား ခုံရှည်ကလေးတွင် ဝင်ထိုင်လိုက်ကြ၏။

*****

အိမ်အပေါ်ထပ်ရှိ မိန်းမပျိုနှင့် လူရွယ်မှာ လည်း ယခုအချိန်အထိ တစ်ယောက်ကိုတစ်ယောက် မော့ကြည့်ရန်ပင် ရှက်နေကြဘိသကဲ့သို့ ကိုယ်စီအတွေးဖြင့် ရီဝေဝေ ငေးနေကြသေး၏။

ဆင်စွယ်ရောင် နှင်းဆီပန်းတွင် ပန်းနုဆီဆမ်းသလို ရှက်သွေးက သွမ်းနေသော မိန်းမပျိုသည် ... သူ၏ ခြေဖမိုးပုံ့ပုံ့ကလေးကိုသာ ငုံ့ငိုင်ကြည့်ရှုနေသော်လည်း ၊ အမူအရာမှာ နွမ်းနယ်နေသည့် အသွင်မျိုး မဟုတ်ဘဲ ရှက်ရွံ့ရွံ့ ဖြစ်နေသည် မှ အပ လန်းဆန်းကြည်လင် ရွှင်နေသည့် သဏ္ဍာန်မျိုး ပေါ်နေ၏။

ယောက်ျားပျိုတွင် လည်း ထို့အတူပင် ... အသွင်အားဖြင့် ရွှင်မြူးဝမ်းမြောက်နေပုံ ရသော်လည်း ၊ မိန်းမပျိုအား မော်မကြည့်ဝံ့သလို ခပ်ရွံ့ရွံ့ ဖြစ်နေရှာ၏။ သို့သော် တုန်လှုပ်ချောက်ချားနေသည့် လက္ခဏာမျိုးကား မဟုတ်၊ ရုပ်ရည်ခန့်သလောက်၊ သန့်သန့်ကြည်ကြည်နှင့် တည်လှသော ဣန္ဒြေမျိုး ဆောင်လျက်ရှိ၏။

အသံတိတ်ဆိတ်၍ ရိပ်ရိပ်ကလေးသော်မျှ လှုပ်ရှားမှုမရှိဘဲ အတန်ကြာသည့် တိုင်အောင် ငြိမ်ချက်သား ကောင်းနေကြသဖြင့် ညောင်းလာ၍ လောမသိ၊ ခြေဖျားကလေးများ ပင် ကျဉ်လာသောကြောင့် လား မပြောတတ် မိန်းမပျိုသည် လက်ျာဘက်ကို ယိုင်ထားသော ဒူးကလေးနှစ်ဖက်ကို လက်ဝဲဘက်သို့ မသိမသာ တိမ်းလိုက်သည် နှင့် တစ်ပြိုင်နက် မျက်နှာချင်းဆိုင်ဘက်မှ လူရွယ်၏ ခန္ဓာကိုယ်သည် လည်း ရောယောင် လှုပ်ရှားသွားတော့၏။

ဤတွင် မိန်းမပျိုမှာ လည်း လူရွယ်၏ လှုပ်ရှားမှုကြောင့် ဒုခနဲ ရင်

ကလေး တုန်သွားရာမှ ထိတ်လန့်သလို အသွင်ဖြင့် ဆတ်ခနဲ မော်ကြည့်လိုက်၏။ သို့လျှင် မိန်းမပျို၏ မျက်နှာကလေး မော့လာခြင်းကို အကြောင်းပြု၍ လူရွယ်သည် လည်း ချက်ချင်းပင် ခေါင်းထောင်လာ၏။ တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်း ဆိုင်သွား၏ ၊ အကြည့်ချင်းလည်း ဆုံမိ၏။ စက္ကန့်ပိုင်းလောက် အတွင်းမှာ ပင် သူတို့ နှစ်ယောက်စလုံး၏ နှုတ်ခမ်းများ သည် လည်း သိသိသာသာကြီး လှုပ်ရှုပြုံးရယ်လာကြ၏။ သို့သော် ... လူရွယ်ယောက်ျား၏ မျက်လုံးဒဏ်ကို ကြာကြာမခံနိုင် ဘိသည့် အလား ၊ မိန်းမပျို၏ မျက်နှာကလေးသည် ဖြည်းဖြည်းချင်း ငုံ့ကျသွားပြန်တော့၏။

တစ်ယောက်နှင့် တစ်ယောက် အကြည့်ချင်းပြိုင်၍ အနိုင်လုသလို ရှိနေရာတွင် တစ်ဖက်အင်အား လျော့ပါးသည် နှင့် အမျှ တစ်ဖက်၏ - စူးစိုက်မှုသည် ရဲတင်းလာ၏။ သို့အလျောက်လည်း လူရွယ်၏ ကြည့်ရှုပုံမှ စောစောကကဲ့သို့ ခပ်ရွံ့ရွံ့မဟုတ်တော့ဘဲ ဝံ့ဝံ့စားစားနှင့် ရဲရဲတင်းတင်း ဖြစ်လာ၏။ ကြည့်ပုံလောက်သာ ရဲတင်းလာသည် မဟုတ်၊ ရှေ့တစ်ဆင့်ကြော၍ တစ်စုံတစ်ရာ ပြောတော့မည်ကဲ့သို့ နှုတ်ခမ်းသည် ပင် တပြင်ပြင် လှုပ်လာ၏။ မရေးမနှောင်းတွင် ပင် တံတွေးမျိုချသကဲ့သို့သော အဖိုသံတစ်ခုသည် "ဂလု"ခနဲ ထွက်ပေါ် လာပြီးသည် ၏ အဆုံး၌ ...

"ဒီမှာ မြမြတင် ..."

သို့လျှင် စကားစ၍ ခေါ်လိုက်သော လူရွယ်၏ အသံသည် မိန်းမပျို၏ မျက်နှာကလေးကို ဆတ်ခနဲ ပင့်တင်လိုက်သည့် အလား ... မိန်းမပျိုသည် ကပိုကရိုကလေး မော့လာ၏။ သို့သော် တစ်စုံတစ်ရာ ဘာမှ မေးမြန်းပြောဆိုခြင်း မရှိဘဲ၊ လူရွယ်၏ စကားဆက်ကိုသာ နာခံရန် အ

သင့်ကဲ့သို့ နားကလေး စွင့်နေသောကြောင့် ...

"ကျွန်တော်နဲ့ - မြမြတင်တို့ ... အခုတွေ့ကြုံလိုက်ရတဲ့ အဖြစ်အပျက်ဟာဖြင့် အတော်ကလေး ဆန်းကြယ်နေတာပဲနော် ..."

လူရွယ်၏ ထိုအမေးကို - မြမြတင် အဖြေမပေးသေးဘဲ အဝေးသို့ ငေးနေပြီးမှ ...

"ဟုတ်တယ် - ကိုလှပို၊ ကျွန်မဖြင့် ခုတွေ့လိုက်ရတဲ့ အဖြစ်အပျက်ရော ဖေဖေပြောသွားတဲ့ စကားတွေကိုပါ အံ့အားသင့်ပြီး ဒါတကယ်လား၊ အိပ်မက် မက်နေတာပဲလား ရယ်လို့ တောင် သံသယဖြစ်နေမိတယ် ..."

မူထားမမှန်သော အသံတုန်တုန်ကလေးဖြင့်၊ ပြောလိုက်သည့် မြမြတင်မှာ - သူ့စကားဆုံးသည် နှင့် ဖြူန်းစားကြီး ငုံ့သွားပြန်၏။ ကိုလှပိုလည်း တစ်စုံတစ်ရာ စကားကို ရှေ့မဆက်သေးဘဲ ချော၍ လှပြီး လှသလောက် ကျက်သရေရှိနေသော မြမြတင်၏ မျက်နှာကလေးကို လည်းကောင်း၊ လုံးလုံးကျစ်ကျစ်နှင့် ချစ်စရာ ကိုယ်လုံးကလေးကို လည်းကောင်း၊ တစ်မျိုး အမူအရာဖြင့် မျက်လုံးကစားနေပြီးမှ ...

"ကျွန်တော်လည်း ၊ ခုလောက်- လွယ်လွယ်ကူကူ ဖြစ်လာလိမ့်မယ်လို့ ၊ စိတ်ကူးနဲ့ တောင် - မမျှော်လင့်မိဘူး ...၊ ဒါနဲ့ ကျွန်တော် မြမြတင်ကို စကားတစ်ခွန်းလောက် မေးပါစေလား ... ဟင် ..."

မြမြတင်၏ မျက်နှာကလေးသည် တဖြည်းဖြည်း မော့လာပြန်၏။ အတော်ကြာသည့် တိုင်အောင် ကြည်လင်ဝင်းမှ ည့်နေသော မျက်လုံးလဲ့လဲ့ကလေးဖြင့် ကိုလှပိုအား စူးစိုက်ကြည့်နေရင်းက ...

"မေးပေါ့ကိုလှပို ..."

ဤတစ်ကြိမ်တွင် မူ - မြမြတင်သည် စောစောကကဲ့သို့ ရှက်စနိုးအသွင် မဟုတ်တော့ဘဲ အနည်းငယ်ဆိုသလို ရဲရဲတင်းတင်းကလေး အဖြေပေးလိုက်၏။ ကိုလှပိုသည် -စုထားသော ဒူးနှစ်လုံးကို အသာအယာခွာ၍ နေရာပြင်လိုက်ကာ -

"ကျွန်တော် မေးချင်တာကတော့ ထူးထူးထွေထွေ မဟုတ်ပါဘူး။ ခု- မြမြတင်ကို ကျွန်တော်နဲ့ လူကြီးတွေ စီမံတဲ့ ကိစ္စမှာ မြမြတင်ရဲ့ သဘောထား ဘယ်လိုရှိတယ် ဆိုတာပါပဲ ..."

ကိုလှပိုက ဤလို မေးလိုက်သည် နှင့် မြမြတင်သည် ရုတ်တရက် ဘာမှ အဖြေမပေးသေးဘဲ မျက်မှောင်ကလေး ကုတ်လျက် မလှုပ်မယှက် တွေသွား၏။

"ဒီလို မြမြတင်ရဲ့ - စောစောက ဦးပြောသွားတဲ့ အတိုင်း ကျွန်တော်က မြမြတင်ကို မေတ္တာရှိနေတယ် ဆိုတာကတော့ ဝန်ခံပြီးသား ဖြစ်လို့ မို့ ရှင်းနေပါပြီ။ ဒါပေမဲ့ မြမြတင်က ကျွန်တော့်ကို အတုံ့အပြန်သဘောနဲ့ မေတ္တာရှိနေတဲ့ အဓိပ္ပာယ်မျိုးတော့ မပါသေးဘူး။ (သမီးကလည်း မေတ္တာရှိနေပုံရနေတော့) ဆိုတဲ့ စကားအရ ဦးက - အထင်နဲ့ ပြောသွားတာ ထင်ရှားမနေဘူးလား။ နောက်ဆုံး ဦးပြောသွားတဲ့ စကားကို ခြုံပြီး စဉ်းစားလိုက်မယ်ဆိုရင် ဦးက - ကျွန်တော့်လုပ်ရည်ကိုင်ရည်နဲ့ ကိုယ်ကျင့်တရားကို သဘောကျလို့ မြမြတင်နဲ့ ပေးစားဖို့ စီမံတယ်ဆိုတဲ့ အဖြေပဲ ထွက်လာတယ် ဟုတ်ကဲ့လား ..."

" အင်း ... ဆိုပါဦး"

"အဲဒီတော့ - မှန်တာပြောရရင်၊ ကျွန်တော့်ဘက်ကတော့ ဘာမှ အလျှော့အတင်း ရှိစရာ မလိုပါဘူး။ မြမြတင်သာ စဉ်းစားဖို့ ရှိတာက မိဘတွေစီမံတာမို့ မျက်စိမှိတ်ပြီး ကျေနပ်-လက်ခံရတာလား မြမြတင်ကိုယ်

၌ က ကျွန်တော့်အပေါ်မှာ မေတ္တာ တုံ့ပြန်ဖို့ ဝန်မလေးတော့တာနဲ့ ခုလို သဘောတူ လိုက်တာလားဆိုတာ ... ကျွန်တော် သိချင်တာပါပဲ ..."

မျက်မှောင်ကလေးကုတ်၍ မလှုပ်မယှက်ငြိမ်ရင်း ကိုလှပို၏ စကားအချက်နှင့် အနက်အဓိပ္ပာယ်ကိုပါ လည်လည်ပတ်ပတ် သဘောပေါက်မိရန် သတိကြီးစွာထား၍ နားစွင့်နေသော မြမြတင်လည်း ကိုလှပို စကားစဖြတ်လိုက်သည် နှင့် "သြော် ... ဒီလိုလား ..."ဟူသော အမူအရာမျိုးဖြင့် ခေါင်းကလေး ဆတ်ခနဲ ညိတ်လိုက်ကာ -

"ပေါ်လာဖို့ လုံးဝမလိုတော့တဲ့ ဒီမေးခွန်းဟာ ... ဘာကြောင့် ထွက်လာရပြန်ပါလိမ့်ဆိုပြီး ကျွန်မဖြင့် အတော်အံ့ဩနေမိတာပဲ ကိုလှပို ..."

ကုလားထိုင်နောက်ကို မှီ၍ ထိုင်နေရာမှ ကိုလှပိုသည် ကိုယ်ကို အနည်းငယ်မတ်လိုက်ပြီးမှ ...

"မေးဖို့ လိုလိမ့်မယ်ထင်လို့ မေးပြီဟာပဲ မြမြတင် ... ဒါကို အမေးခံရတဲ့ လူကသာ ဖြေဖို့ လိုတော့တာပဲ မဟုတ်လား ..."

"ကျွန်မကတော့ ... မေးဖို့ ကို မလိုတော့ဘူးထင်လို့ စကားကြောရှည်နေရတာပါ၊ ဒါနဲ့ ... ကိုလှပိုကတော့ ကျွန်မကို မေတ္တာရှိနေတဲ့အကြောင်း၊ စာနဲ့ ရေးဖူးတယ်- ပါးစပ်နဲ့ လည်း ပြောဖူးတယ်နော် ..."

ကိုလှပိုသည် ညင်ညင်သာသာပင် ခေါင်းညိတ်ပြလိုက်၏။

"အဲဒါ-ကျွန်မကိုချစ်လို့ - တစ်နည်းအားဖြင့် ဇနီးအဖြစ် လိုချင်လို့ ပဲ မဟုတ်လား ..."

"အဲဒီအတိုင်းပဲပေါ့ မြမြတင် - လူပျိုတစ်ယောက်က အပျိုကို မေတ္တာရှိတယ်ဆိုရာမှာ ဇနီးအဖြစ်ကို ရည်ရွယ်ကြတာချည့်ပဲပေါ့"

"ဟုတ်ပါတယ်လေ ... အဲဒီတော့ - ခုန ဖေဖေပြောသွားတဲ့ စကားအ

ရဖြစ်စေ၊ ဘာပဲဖြစ်စေပေါ့ရှင် နိဂုံးချုပ်လိုက်တော့ ကျွန်မကို ရှင်နဲ့ ပေးစားတော့မယ်ဆိုတဲ့ သဘောပဲ မဟုတ်လား၊ ဒီတော့ မကြာခင်မှာ ပဲ ကျွန်မဟာ ... ကိုလှပို မျှော်လင့်တဲ့ ဇနီးတစ်ယောက် ဖြစ်ရတော့မှာ ပဲဟာ ဘာဘာညာညာတွေ မေးနေဖို့ လိုသေးသလား ကိုလှပို ..."

မြမြတင် မေးပုံအချက်ပိုင်သလောက် ကိုလှပို ရုတ်တရက် အဖြေမပေးနိုင် ဖြစ်သွားသေး၏။ နံရံမှ နာရီကိုမော့ကြည့်ရင်း တစ်စုံတစ်ရာ စဉ်းစားသလို တွေနေပြီးမှ ...

"ဒါတော့လည်း ဟုတ်တာပေါ့ မြမြတင်၊ ဦးပြောသွားတဲ့ အတိုင်းဆိုရင် မကြာခင်ပဲ မြမြတင်ဟာ ကျွန်တော့်ရဲ့ ဇနီးလောင်း ဖြစ်လာမှာ မှန်ပေမယ့် - "ငါလိုချင်တဲ့ မိန်းမရရင်ပြီးရော" ဆိုတဲ့ စိတ်မျိုးသာ ရှိတာဖြင့် ဒါတွေကို လေကုန်ခံပြီး ဘယ်မေးနေပါ့မလဲ မြမြတင်၊ ခုပြောနေတာက ကျွန်တော့်အဖို့ မဟုတ်ပါဘူး ... မြမြတင်အတွက် ..."

"နို့- ကိုလှပို ဘယ်လိုထင်လို့ လဲ ... ကျွန်မအတွက် မေးနေရတာက ကော ... ဘာကို ..."

"ဒီလိုပါလေ ... လောကမှာ '**မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရခြင်းဆင်းရဲ**' ဆိုတဲ့ ဒုက္ခဟာ ကြီးမားလွန်းလို့ ရန်သူမျိုးငါးပါး စာရင်းထဲမှာ ထည့်ထားတယ် မဟုတ်လား မြမြတင်၊ အဲဒီတော့ ခုကိစ္စမှာ မြမြတင်ရဲ့ သဘောတူညီချက်မရဘဲ လူကြီးတွေက စီမံလို့ နာခံရတာမျိုး ဖြစ်နေမယ်ဆိုရင် - မချစ်မနှစ်သက်သောသူနဲ့ ပေါင်းဖော်နေရသမျှ ကာလပတ်လုံး မြမြတင် စိတ်ဆင်းရဲနေရမှာ ကို တွေးပြီး စိုးရိမ်လို့ ပြောနေရတာပါ"

ပိရိသေချာ၍ - စေတနာတွေ တစ်ပုံကြီးပါနေသော ကိုလှပို၏ စကားကို ကြားလိုက်ရသည် ၏ ဤမှာ ဘက်သို့ စက္ကန့်ပေါင်း အတော်က

လေး ကြာလွန်သွားခဲ့သည့် တိုင်အောင်၊ မြမြတင်လည်း တစ်စုံတစ်ရာ ဘာမျှ မပြောသေးဘဲ မျက်နှာချင်းဆိုင် နံရံပေါ်ရှိ ပန်းချီကားတစ်ချပ်တွင် ငေးရင်း စဉ်းစားသလို တွေးနေ၏။

"ကျွန်မအတွက် ရှေ့ရေးကိုမျှော်ပြီး ပြောတာမို့ ကျေးဇူးတင်ပါတယ် ကိုလှပို။ နို့ ... ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မက ဘယ်လို သဘောထားတယ်လို့ ရှင်ထင်နေသလဲ .."

"ကျွန်တော်က - ဘယ်လိုလုပ်ပြီး ထင်တတ်မှာ တဲ့ တုံး မြမြတင်"

မြမြတင် မေးပုံနပ်သလောက်ပင် ကိုလှပိုကလည်း အဖြေပါးလှတော့၏။ အမှန်စင်စစ်သော်မူ၊ ဤကိစ္စ၌ - ကိုလှပို မေးသည် ကို မြမြတင်က ဖြေရမည်ဖြစ်ပါလျက် အဖြေခက်၍ ရှက်နေသောကြောင့် လောမသိ၊ မြမြတင်ကချည်း မေးခွန်းတွေ ပြန်၍ ထုတ်နေ၏။ တစ်နည်းအားဖြင့်လည်း မြမြတင်သည် သူဖြေရမည့် အစား၊ ကိုလှပိုက အလိုလိုဖြေပြီးသား ဖြစ်သွားစေမည့် နည်းကို သုံးနေဟန်တူ၏။ လူပါးဖြစ်သော ကိုလှပိုကလည်း စကားရည်သမားချင်း ခြေမြင်သည့် အလား စကားကို အမှားမခံဘဲ မြမြတင်ထံမှ အဖြေထွက်ရန်သာ မရမက ညှစ်ထုတ်နေ၏။

" မဟုတ်ဘူး လား မြမြတင် ကျွန်တော်က ဘယ်လိုလုပ်ပြီး မြမြတင်ရဲ့ ဝမ်းထဲရှိတဲ့ စိတ်ထားကို အထင်နဲ့ ပြောလို့ ဖြစ်ပါ့မလဲ၊ ကျွန်တော့်အထင်ဟာ ကျွန်တော့်အထင်ပဲဖြစ်မယ်၊ မြမြတင်ရဲ့ သဘောထားအမှန်တော့ ဘယ်နည်းနဲ့ မှ ဖြစ်နိုင်မှာ မဟုတ်ဘူး ..."

မဖြေချင်၍ ဆင်ဝှေ့ရန်ရှောင် ပြောနေသော်လည်း မပြီးတော့သည့် အခြေသို့ ရောက်လာသည် နှင့် မြမြတင်မှာ မျက်နှာကလေး ရှက်ရို့ရို့နှင့် တစ်ဖက်သို့လှည့်ကာ - အတန်ကြာ တွေနေပြီးမှ ...

"ဒီမှာ ကိုလှပို ..."

"ပြောပါ မြမြတင် ..."

"ကျွန်မအဖို့ မှာ အိမ်ထောင်ဘက် ရွေးချယ်မှုနဲ့ ပတ်သက်ပြီး ဘယ်လောက် လွတ်လွတ်လပ်လပ်နဲ့ ကိုယ်နှစ်သက်ရာကို ရွေးချယ်ခွင့် ရှိတယ်ဆိုတာ၊ ကိုလှပို သိတယ်နော် ..."

"သေသေချာချာ သိတာပေါ့ မြမြတင်၊ ကျွန်တော့်သက်တမ်း တစ်လျှောက်မှာ လူချမ်းသာတွေထဲက ကိုယ်သမီးကို ကိုယ်ကြိုက်ရာ အိမ်ထောင်ဘက် ရွေးချယ်ခွင့် ပေးထားတဲ့ သမီးရှင်ဆိုလို့ ကျွန်တော်ဖြင့် မြမြတင်တို့ မိဘတစ်စုံပဲ တွေ့ဖူးပါသေးတယ် ..."

"အဲ ... ဖေဖေဟာ ကျွန်မရဲ့ အချစ်ကိစ္စနဲ့ ပတ်သက်ပြီး ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ပေးထားတယ်ဆိုတာ ကိုလှပိုလည်း အသိသားပဲ မဟုတ်လား၊ ယုတ်စွအဆုံး- သူတောင်းစားတောင်၊ ကျွန်မချစ်ရင် ယူနိုင်ခွင့်ရှိသပေ့ါ၊ နောက် - ဖေဖေကပဲ ပြောထားတယ်၊ သမီးလိမ္မာရင်စံ - မိုက်ရင်ခံ- တဲ့ ..."

"ဒါတော့ - ကျွန်တော် သိပြီးပါပြီလေ၊ ခုမေးနေတာက မြမြတင်ကို ကျွန်တော်နဲ့ လက်ထပ်ဖို့ စီမံတဲ့ ကိစ္စမှာ မြမြတင်ရဲ့ သဘောတူညီမှု တင်းပြည့်တောင်းပြည့် ပါမပါ ဆိုတာကို သိချင်လို့ ပါ မြမြတင် ..."

ကိုလှပို အလိုရှိသော စကားမှာ "ရှင့်ကို ကျွန်မကလည်း ချစ်ပါတယ် ..."ဟူသော အဖြေမျိုး ဖြစ်၏။ ဤလိုတိုက်ရိုက် မဟုတ်သည့် တိုင်အောင် "ဖေဖေတို့ စီမံတာကို - ကျွန်မကလည်း ခြွင်းချက်မရှိ လက်ခံသဘောတူပါတယ် ..." ဟူ၍ ကား ဖြစ်စေချင်၏။ မြမြတင်ကလည်း သူမည်သို့ပင် ဖြေစေကာမူ ဤလိုသဘောမျိုး သက်ရောက်သွားမည်သာ-ဟု ကြိုတင်သိထားသူ ဖြစ်သည့် အတိုင်း အဖြေရခက်၍ ရှက်နေရှာ၏။

သို့အလျောက်လည်း ဝေ့လည်ကြောင်ပတ် လုပ်နေသည် ဖြစ်ရာ၊ ယင်းသည့် အချက်ကို အကွက်စေ့စေ့ သဘောပေါက်နေသည် သာ ဖြစ်သော ကိုလှပိုကလည်း ထိုစကားထွက်လာရန်သာ မရအရ ညှစ်ထုတ်နေ၏။

"ကျွန်မပြောနေတဲ့ စကားတွေဟာ ကိုလှပိုလို စကားအရာလိမ္မာတဲ့ လူတစ်ယောက်အဖို့ ၊ အဓိပ္ပာယ်ဟာ ရှင်းနေလောက်ပါပြီရှင်၊ အိပ်ချင်ယောင် ဆောင်နေတဲ့ လူကို ကျွန်မ တစ်ခါပဲနှိုးချင်တယ် ... သိလား"

"နို့ ... အိပ်ချင်ယောင်ဆောင်နေရာက မတော်တဆ အိပ်မောကျသွားတာမျိုးလည်း ရှိတတ်တာပဲ မဟုတ်လား မြမြတင်၊ ကျွန်တော် မေးနေတာက ကျွန်တော့်အတွက် မဟုတ်ပါဘူး၊ စကားကလေး တစ်ခွန်း ဖြေလိုက်ရင် ပြီးသွားနိုင်ရက်သားနဲ့ ဒီလောက် ဝန်လေးသလို ဖြစ်နေတာတော့ ..."

"တယ်လည်း ခက်ပါလား ကိုလှပို ... ကျွန်မ ပြောပြီးပြီကော၊ အချစ်နဲ့ ပတ်သက်လို့ - ဖေဖေက ဘယ်လိုပင် စီမံစေဦးတော့ ကျွန်မ ခေါင်းခါလိုက်ရင် ဒီကိစ္စဟာ - တစ်မိနစ် အတွင်းမှာ ပျက်သွားနိုင်တယ်လို့ ..."

"ဒါဖြင့် ... ဒီကိစ္စမှာ - မြမြတင်ကလည်း ရာခိုင်နှုန်းပြည့် သဘောတူတယ် ဆိုပါတော့ ..."

"ဒီမေးခွန်းဟာ ပေါ်မလာသင့်တော့ဘူး ထင်ပါရဲ့ ကိုလှပို"

"ကျွန်တော့်အဖို့ တော့ ဒါဟာ မမေးလို့ မဖြစ်ဘူး၊ အဖြေမှန် ထွက်လာသည့် တိုင်အောင် မေးရမှာ ပဲ၊ ခုရှုပ်မှ နောင်ရှင်းဆိုတာလို ... တစ်နေ့နေ့မှာ ရှင့်ကို ကျွန်မချစ်လို့ ယူရတာ မဟုတ်ဘူး ၊ မိဘပေးစားလို့ ညားရတာ ... ဆိုတဲ့ စကားမျိုး သုံးလာရင် ..."

ထိုစကားမဆုံးသေးမီ မြမြတင်က ဆတ်ခနဲ

မော်ကြည့်လိုက်သောကြောင့် ... ကိုလှပို စကားတန့်သွား၏။ မြမြတင်တွင် လည်း အတော်ကလေး အောင့်သက်သက် ဖြစ်သွားသော အသွင်မျိုး ပေါ်လာရာမှ -

"ရောင်းသူက - အရင်းတိုင်းနဲ့ ပေးနေတာတောင် ခုထက်ထိ ဈေးဆစ်နေတုန်းပါပဲလား ကိုလှပို ... ဟင်း ..."

မြမြတင်လည်း ပြောပြောဆိုဆိုပင် ကပိုကရိုကလေး ထရပ်လိုက်၏၊ ကိုလှပိုကမူ - မော်မော်ကလေး မော့ကြည့်နေပြီးမှ ...

"တချို့ကုန်သည် တွေဟာ - ပစ္စည်းနည်းနည်း ညံ့သွားတဲ့အခါလည်း အရင်းတိုင်းနဲ့ ရောင်းတတ်ကြလို့ ..."

"ရှင်ဟာ ... လူတစ်ယောက် ဖြစ်ရက်သားနဲ့ လူစကားပြောရင် ကောင်းမယ်ကိုလှပို ..."

မြမြတင်မှာ - မျက်နှာကလေး မကြည်မလင်နှင့် အသံသည် လည်း နင့်ဆို့ဆို့ထွက်လာ၏။

"ဒီထိအောင်တော့ ပြောဖို့ မသင့်ဘူးထင်တယ် မြမြတင်၊ ကျွန်တော့်စကားက ဘယ်လောက်များ လွန်သွားသမို့လဲ ..."

မြမြတင်သည် ခပ်လှမ်းလှမ်းသို့ ငေးနေရာမှ - ကိုယ်ကလေးနဲ့ ပြီးဆတ်ခနဲ ငဲ့ကြည့်လိုက်ကာ -

"ဒါ ကျွန်မဖြေဖို့ မလိုဘူး၊ ရှင့်ဟာရှင် အိမ်ပြန်ပြီး စဉ်းစားကြည့် ... ဒါပါပဲ ..."

မြမြတင်လည်း သူ့စကားဆုံးသည် နှင့် ကိုယ်လုံးကလေး ဆတ်ခနဲလှည့်ပြီး - အခန်းတစ်ခုထဲသို့ ခပ်သုတ်သုတ် လှမ်းဝင်သွားသောကြောင့် ကိုလှပို အကြောင်သားငေး၍ အတွေးဗလပွေနှင့် ကျန်ရစ်ခဲ့၏။

ချစ်သူတို့ နှစ်ကိုယ်ကြားတွင် ၊ စကားသည် အမှားမခံ၊ စကားအရာ လိမ္မာသူတို့ အဖို့ ၌ စကားတစ်လုံးမှားလျှင် အများကြီး ဒုက္ခပေးတတ်၏ ။ အပြိုင်အဆို စကားနိုင်လုရာမှ တုတ်အစ ဓားတပြက် သွေးပွက်နှင့် အဆုံးသတ်ရသည် လည်း မရှား၊ ဆွေးကွက်နှင့် အဆုံးသတ်ရသည် လည်း မရှား၊ မှားပြီးရင်း၊ မှားနေကြသော ချစ်သူတို့ လောကတွင် ကိုလှပိုနှင့် မြမြတင်တို့ လည်း ပါဝင်နေပြန်လေပြီ။

သူတို့ နှစ်ဦးမှာ စိတ်ထက်သူချည်း ဖြစ်သည့် အလျောက်၊ တစ်ဦးအပေါ် တစ်ဦး သေးသေးတင်မခံ၊ မှန်သည် ထင်ရာကို လွှတ်ခနဲ၊ စွတ်ခနဲ ပြောတတ်ကြ၏။ ယခုလည်း ဤလိုပြောရင်းကပင် သဘောချင်းမတွေ့သည့် အချက်တစ်ခုကြောင့် မြမြတင်သည် တင်းတင်းမာမာနှင့် ခါခါကလေး ကျောခိုင်းသွားလေ၏။ မရှေးမနှောင်းမှာ ပင် ကိုလှပိုကလည်း မျက်နှာကိုမော့ ရင်ကိုကော့လျက် ခပ်ကြော့ကြော့ပင် ဆင်းလာခဲ့၏။

မျက်နှာထားတင်းတင်းနှင့် တစ်လှမ်းချင်း ဆင်းလာသော ကိုလှပိုလည်း ဦးညိုမောင်တို့ ထိုင်နေရာ အောက်ထပ်သို့ ရောက်သည် တွင် မူ၊ သူ၏ မျက်နှာထားကို အတတ်နိုင်ဆုံး ချိုထားလိုက်ရာမှ ဘာစကားကို စပြောရမည် မသိသလို ရှိနေခိုက်တွင် ...

"လာဟေ့ မောင်လှပို ..." ဟူသော ဦးညိုမောင်၏ ခေါ်သံနှင့် မရှေးမနှောင်းမှာ ပင် ...

"တိုဟူး ..."

ရေကျော်လမ်းတစ်လျှောက် အထမ်းတစ်ခုနှင့် လျှောက်လာသော တိုဟူးသုပ်သည် ၏ အော်သံကြားလိုက်ရသည် နှင့် ကိုလှပိုလည်း ဤတွင်မှ တစ်စုံတစ်ရာကို သတိရကာ ...

"ဆိုင်ထွက်ချိန်နီးနေလို့ - မထိုင်ပါရစေနဲ့ တော့ ခင်ဗျာ ... ကျွန်တော်

..."

"ဟော ... ဟုတ်သားပဲ ... တို့ ကဖြင့် သတိတောင်မရဘူး၊ စကား ကောင်း နေလိုက်ကြတာ ..."

"အဲ ... ဟုတ်ပါရဲ့ ကိုညိုမောင် ရှင်တို့ က ကိုယ့်အလုပ်မဟုတ်လို့ သ တိမရတာ ထားပါဦး၊ ကျွန်မလုံးလုံး သတိမရတာက ... တရားမလွန် ဘူးလားရှင် ... ကဲ ..."

ရင်ဘတ်ကို အသာအယာ ပုတ်ရင်း - ရုတ်တရက် ပြောလိုက်သော ဒေါ်စိန်ပွင့်အား ဦးညိုမောင်က မျက်စောင်းနှင့် တွေကြည့်လိုက်ပြီး ...

"မစိန်ပွင့်က ဘာ-သတိရတော့မလဲလေ ... ချွေးမရတော့မှာ မို့ မေ့ နေထင်ပါရဲ့ "ဟု မဲ့မဲ့ရွဲ့ရွဲ့ ပြောလိုက်သောကြောင့် ...

ကိုလှပို ခေါင်းငုံ့သွား၏။ ဦးညိုမောင်လည်း ဒေါ်စိန်ပွင့်အား စိုက်ကြ ည့်နေရာမှ ခေါင်းငိုက်ကျသွားသော ကိုလှပိုဆီသို့ မေးငေါ့ပြလိုက်ပြန်သ ည် နှင့် ထိုအပြုအမူကို မမြင်သော ကိုလှပိုမှ အပ သုံးယောက်စလုံး တပြုံးပြုံးတရွှင်ရွှင် ဖြစ်နေကြတော့၏။

"အေး ... အေး ... ဆိုင်ထွက်စရာရှိလည်း သွားဦးပေါ့ကွာ ..."

"ဟုတ်ကဲ့ ... ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ"ဟု ပြောလိုက်ပြီးမှ ဒေါ်စိ န်ပွင့်ဘက်သို့ လှည့်၍ တစ်ဖန် ...

"မေမေ ... နေချင်နေခဲ့ဦးလေ ... ဆိုင်ကို ကျွန်တော်ပြင်ပြီး ရောင်းနှ င့် နေပါ့မယ် ..."ဟု ပြောပြောဆိုဆို ထွက်ခွာသွားသောကြောင့် ... ဦးညိုမောင် မောင်လှပို၏ နောက်ပိုင်းကို ငေးကြည့်ရင်း ...

"အင်း ... မစိန်ပွင့်မှာ တော့ သားတစ်ယောက်ဆို ဆိုသလောက်ပဲ အားကိုးရတယ်နော် ... ကုသိုလ်ကဖြင့် ထူးပါပေ့ ..."

"ဟုတ်တယ် ကိုညိုမောင်၊ မောင်လှပိုကတော့ သားယောကျ်ားလေး လိုလည်း အားကိုးရရဲ့၊ သမီးတစ်ယောက်လိုလည်း အင်မတန် အဖော်ရ ပါတယ်"

သို့လျှင် ဦးညိုမောင်တို့ စကားကောင်းနေကြခိုက်၊ အပေါ်ထပ်ရှိ မြမြ တင်မှာ မူ၊ ခုတင်ပေါ် လှိမ့်လူးနေရာမှ နောက်ဆုံး နဖူးပေါ်လက်တင်၍ အမျှင်မပြတ် တွေးနေရှာ၏။

"ခုကိစ္စမှာ ငါများ မှားသွားသလား သူကတော့ ငါ့ဆီက ချစ်ပါတယ် ဆိုတဲ့ စကားကို မရအရညှစ်ထုတ်တာပဲ၊ ဒါကို ငါဘာကြောင့် နှုတ်လေး နေမိပါလိမ့်။ တကယ်တော့လည်း ငါသူ့ကိုချစ်တယ် ချစ်လို့ ချစ်တယ် ပြောရမှာ ကို ရှက်မိလို့ ခုလို စိတ်မချမ်းသာစရာ ဖြစ်ရာတာပဲ ... ဟုတ် တယ် ... ငါမှားတယ် ..."

မြမြတင်သည် ဤသို့လျှင် ပါးစပ်ကရေရွတ်ရင်း တတွတ်တွတ် ည ည်းနေပြန်၏။ မျက်နှာကလေး ညိုန္တဲ့နှင့် ငိုမဲ့မဲ့ ဖြစ်နေရာမှ တစ်ဖန် မသိ မသာ တင်းမာလာပြန်လျက် ...

"အို ... ငါမမှားဘူး၊ ခုဖြစ်ရတဲ့ ကိစ္စမှာ ငါကချစ်ပါတယ်လို့ မပြောမိ တာနဲ့ ဘာမှ မဆိုင်ဘူး၊ သူ့စကားပြော ရမ်းကားတဲ့ အချက်ကြောင့် သာ ခုလိုဖြစ်ရတာပဲ။ တကယ်ဆိုရင် သူဒီလိုပြောသင့်သလား ...၊ ငါမမှား ဘူး သူမှားတယ်၊ သူ့အမှား သူသိလို့ ဝန်ခံရင်ခံ၊ မခံလည်း နေပစေပေ့ါ၊ လောကမှာ ယောကျ်ားရှားသမို့လား ... ဟင် ..."

ထိုအချိန်တွင် ကိုလှပိုမှာ လည်း မုန့်ဟင်းခါးဆိုင်ထွက်ရေး ကိစ္စအ တွက် ညီဖြစ်သူနှင့် အတူ တပည့်ကလေးများအား အမိန့်ပေးစီစဉ်ပင် စီ စဉ်နေရသော်လည်း သူ့စိတ်မှာ မြမြတင်ထံသို့ ရောက်နေ၏။ စောစော က သူပြောခဲ့သော စကားတွင် ဘာအမှားပါ၍ မြမြတင် စိတ်ခုသွားရ

လောဘိသနည်းဟု ၊ ကြီးစွာသော စဉ်းစားခြင်းဖြင့် စဉ်းစားနေမိ၏။ အဖြေကား ပေါ်မလာခဲ့ပေ။

"ငါပြောတာ ဘာများ လွန်သွားလို့ လဲ ... တကယ်လို့ သူ့စိတ်ထဲမှာ လွန်တယ်လို့ ပဲ ယူဆဦးတော့ ဒါကိုထုတ်ပြောဖို့ ကောင်းတယ်။ ခုတော့ သူက ... ဟင်း ... ညားမှ မညားရသေးဘူး စိတ်ကောက်ချင်တဲ့ အမူအရာတွေ ပြ လာပြီ"

ကိုလှပိုမှာ ပါးစပ်က ဆိုင်ခင်းရန်အတွက် စီမံပြောဆိုနေသော်လည်း စိတ်ထဲ၌ မူ ထိုအတိုင်း ရေရွတ်လျက်ရှိ၏။ သို့သော် ... သူ့စကားများ ကြွံခိုင်သလောက်၊ သူ့မျက်နှာထား အမူအရာ ညှိုးငယ်နေသည် ကို ထောက်သော်၊ ထိုသို့ဖြစ်ပျက်ခဲ့ရသည့် အဆင်မပြေမှုတွက် စိတ်မသက်မသာ ရှိနေသည် ကိုကား ... ထင်ရှားစွာ သက်သေခံလျက် ရှိနေသည်သော ဖြစ်၏။

*****

"ဘယ့်နှယ်လဲ သမီး ... ခုဖေဖေတို့ စီမံတဲ့ ကိစ္စကို ဘာပြောချင်သေး သလဲ"

ရေချိုး အဝတ်အစားလဲပြီး၊ သနပ်ခါးရေကျဲကလေး ပွတ်၍ ဆင်း လာသော မြမြတင်သည် ဒေါ်သင်းထုံဘေးတွင် ဝင်ထိုင်လိုက်သည် နှင့် ဦးညိုမောင် ဤသို့ မေးလိုက်သောကြောင့် ရုတ်တရက် အဘယ်ပုံဖြေမ ည်ကို စဉ်းစားမရအောင် ဖြစ်သွားရှာ၏။

"ဘာမှ ပြောဖို့ မလိုပါဘူးဖေဖေ..."

အကယ်၍ သာ စောစောက ကိုလှပိုနှင့် ဖြစ်ပျက်ခဲ့ရသော အဆင်မပြေမှုမျိုး မကြုံခဲ့ရလျှင် အထက်ပါအတိုင်း ဖြေမည်သာ ဖြစ် သော်လည်း ယခု ဤလိုပြော၍ မဖြစ်သေး။ ခေါင်းအေးအေးထားပြီး စဉ်းစားဖြေဆိုရမည့် အခြေမျိုး ဆိုက်နေသည် နှင့် ၊ အလောတကြီး မဖြေသေးဘဲ တွေငေးကလေး စဉ်းစားနေ၏။

"ဥပမာ သမီးက နေထိုင်မကောင်းဖြစ်ရက်နဲ့ အုန်းထမင်း ကြက် သားစားချင်မယ် ဆိုပါတော့ တည့်ကလည်း မတည့်ဘူး၊ ဒါပေမဲ့ စားက လည်း သိပ်စားချင်နေလို့ ၊ ဟယ် ... ကိစ္စမရှိဘူး ... ဒီလောက် အာသာရှိ နေတာ - စားမယ်၊ ညကျမှ ဆေးသောက်ချလိုက်ရုံပေါ့ဆိုပြီး ဇွတ်စားရင် ဘာဖြစ်မလဲ၊ ရောဂါ တိုးချင်တိုးလာမယ်၊ ဆေးသောက်တော့လည်း ပျောက်ချင်ပျောက်သွားမယ်။ ဒါပေမဲ့ ... အိမ်ထောင်ရေးမှာ ဒီလို မိုက်ရူး ရဲလုပ်လို့ မရဘူးသမီး၊ ဆေးဆိုတာမျိုးက ရောဂါကိုသာ ကုလို့ ရတယ်၊ စိတ်ကိုကုလို့ ရရိုး ထုံးစံမရှိလေတော့၊ ချစ်တာတစ်ခုတည်းကို

မူတည်ပြီး အလောသုံးဆယ် အိမ်ထောင်ပြုရော - ဟော ... နောင်အခါ ကျမှ - စိတ်သဘောချင်း မတိုက်မဆိုင် ဖြစ်နေရင် ဘာဆေးနဲ့ ကုမလဲ"

ဦးညိုမောင်သည် သမီးကိုဩဝါဒပေးရာ၌ ၊ ဖခင်အနေမျိုးဖြင့် မဟုတ်ဘဲ၊ မြမြတင်အပေါ်တွင် ခင်မင်ရင်းနှီးသော မိတ်ဆွေ သူငယ်ချင်းအသွင်-အစ်မကြီးပမာ၊ ပွင့်လင်းပြတ်သားစွာ ဆုံးမခဲ့သောကြောင့် မြမြတင်မှာ လည်း ဤလိုအရေးအခင်းနှင့် ပတ်သက်၍ ဦးညိုမောင်နှင့် ရင်ဆိုင်မိတိုင်း ရှက်ကြောက်မှုကင်းကင်းနှင့် ခပ်ရှင်းရှင်းကလေးသာ မေးမြန်းပြောဆိုခဲ့၏။

ယခုလည်း ဦးညိုမောင်၏ အမေးကို ဖြေရမည်ရှိသည် ၌ မြမြတင်သည် ဦးညိုမောင် ပြောခဲ့ဖူးသော အထက်ပါစကားကို တွေးမိလာသည့် အတိုင်း ကိုလှပိုနှင့် စောစောက ဖြစ်ပျက်ရသည့် ကိစ္စကို - ဖွင့်ပြောရ ကောင်းလေမည်လားဟူသော အတွေးသည် ပေါ်လာ၏။ သို့ပေါ်လာသည့် အတိုင်း ထိုပြဿနာကို ဖွင့်ပြောရန် ဟန်ပြင်လိုက်ပြီးမှ ...

"အို ... ဒါဟာ အသေးဖွဲ့ကိစ္စကလေးပဲ၊ လူကြီးတွေကို ထုတ်ပြောရလောက်အောင် အရေးကြီးတာမှ မဟုတ်ဘဲ၊ မပြောတော့ဘူး။ တို့ လူငယ်ချင်း ဖြေရှင်းယူမယ် ..."

မြမြတင်တွင် ဤသို့ အတွေးကလေးက ဝင်လာပြန်သည် နှင့် ထိုကိစ္စကို ဘာမှ မပြောရန် စိတ်ထဲတွင် ဆုံးဖြတ်လိုက်၏။

"ဘယ်လိုလဲသမီးရဲ့ ဖေဖေတို့ စီမံတာကို မကျေနပ်ရင်ပြောနော် ... ခုအချိန်မလွန်သေးဘူး ..."

"စကားတော့ လွန်ပြီးပြီ မဟုတ်လားဖေဖေ ..."

"ဟ ... လူကြီးချင်း စကားလွန်တိုင်း လူငယ်တွေကို ဇွတ်အတင်း

ပေးစားရမလား သမီးရဲ့ ... မဟုတ်တာကပဲ။ အေး ... အဲသလို ... လူကြီးတွေ စကားလွှန်တာကို မဖျက်ချင်လို့ မျက်နှာအပျက် မခံချင်လို့ ဆိုပြီး၊ လူငယ်တွေရဲ့ သဘောကို မစုံစမ်း မမေးမြန်းဘဲ အဓမ္မနည်းနဲ့ ပေးစားခဲ့ကြတဲ့ အစဉ်အလာက ရှိနေလို့ သမီး-ဒီလိုမေးတာဖြစ်မှာ ပဲ။ ဒါပေမဲ့ အဲဒီစနစ်ဟာ - ဖေဖေအဖို့ မှာ တော့ ခေတ်မမီတော့ဘူး။ အဲဒီလူကြီးပေးစားရာ ယူရမယ်ဆိုတဲ့ စနစ်ဆွေးကြီးကြောင့် - မြန်မာအိမ်ထောင်ရေး လောကတစ်ခုလုံး အဆင်မပြေဖြစ်နေတာ သိပ်မဆန်းဘူးလို့ ဖေဖေ မကြာခဏပြောခဲ့ဖူးပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ ပြောဖူးပါလား"

"အဲ ... လူငယ်တွေရဲ့ ကိစ္စကို လူငယ်တွေ အသိမပေး၊ မတိုင်ပင်ဘဲ၊ လူကြီးတွေ စကားလွှန်ကြတယ်။ နောက် ဒီလွှန်ခဲ့တဲ့ စကား ပျက်မှာ ကို ရှက်လှချည်ရဲ့ ဆိုပြီး တစ်သက်လုံး နာလန်မထူနိုင်အောင် နှိပ်စက်တဲ့ မိဘမျိုးအဖြစ်နဲ့ တော့ သားသမီးကို ဖေဖေ အညွန့်တုံးအောင် မလုပ်ဘူး၊ အဲဒီတော့ ခုကိစ္စမှာ သမီး  ဘာပြောချင်သလဲ ... မကျေနပ်တာရှိရင် မြို မထားနဲ့ နော် ဖေဖေတို့ သိချင်တယ် ..."

"ဟုတ်ကဲ့ပါဖေဖေ ... ခုတော့ ဘာမှ မပြောစရာ မရှိသေးပါဘူး ..."

ထိုသို့သော မြမြတင်၏ မတင်မကျ အဖြေကြောင့် ဦးညိုမောင်သည် နှုတ်ခမ်းချင်းဖိ၍ မြမြတင် စိုက်ကြည့်နေပြီးမှ ...

"ဒါနဲ့ ... ဖေဖေ မေးပါရစေဦး၊ မောင်လှပိုကို သမီးမေတ္တာရှိတာ တော့ အမှန်ပဲမဟုတ်လား ..."

"မှန်ပါတယ်ဖေဖေ ဒါပေမဲ့ သူကသာ သမီးကို မေတ္တာရှိနေတဲ့ အကြောင်း၊ စာနဲ့ ရော၊ ပါးစပ်နဲ့ ပါ ပြောပေမယ့်၊ သမီးကတော့ သူ့ကို မေတ္တာတုံ့ပြန်တဲ့ အကြောင်း မပြောရသေးပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်ပေ့ါ သမီးမေတ္တာရှိဖို့ သာ အရေးကြီးတယ် ... ဒါနဲ့ ခုတော့ ဘာမှ ပြောစရာ မလိုသေးပါဘူး ဆိုတာက ဘယ်လိုလဲ"

"ဩော် ... ဖေဖေ သမီးတို့ ကိစ္စကို ဘယ်တော့လောက် စီမံမယ်ဆိုတာ မသိရဘူးလားဟင် ..."

မြမြတင်သည် ဦးညိုမောင်၏ မေးခွန်းကို မဖြေသေးဘဲ သူကပင် ထပ်၍ မေးနေသောကြောင့် ...

"သမီးတို့ မင်္ဂလာဆောင်ဖို့ ကိစ္စလား၊ ဒါ ... ဖေဖေတို့ သဘောနဲ့ လုပ်လို့ ဘယ်ဖြစ်ပ့ါမလဲသမီးရဲ့ ၊ ခု-သမီးကို အဲဒါပြောမလို့ ပေ့ါ၊ ဘယ်လလောက် လုပ်ချင်တယ် ဆိုတာကို မောင်လှပိုနဲ့ သမီးနဲ့ တိုင်ပင်ကြ ဟုတ်လား၊ နေ့ကောင်းရက်သာ ရွေးဖို့ သာ ဖေဖေတို့ တာဝန်ထားပေ့ါ ... ဘယ့်နှယ်လဲ ... သမီးကျေနပ်ကဲ့လား ..."

ဤသို့သော ဖခင်ကြီး၏ စကားကို ကြားလိုက်ရသည် နှင့် မြမြတင်မှာ - အားပါးတရပြုံးရင်း မျက်ရည်ပါ တဝေဝေလည်လာရာမှ ရုတ်တရက် ထရပ်ပြီး ဦးညိုမောင်အား ပြေးဖက်လိုက်ပြီး ...

"အို ... ဖေဖေရယ် ဖေဖေ့လိုဖေဖေမျိုးကို သမီး ဘယ်မှာ လိုက်ရှာရမလဲဟင် ဖေဖေဟာ သမီးရဲ့ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ ဒီအထိ လိုက်လျောလိမ့်မယ်လို့ ထင်ကိုမထင်ခဲ့ဘူး၊ ခုတော့ ... ဖေဖေ့ မေတ္တာ စေတနာတွေဟာ ... မယုံကြည်နိုင်လောက်အောင်ပဲ ကြီးမားလွန်းလို့ -ဒီကျေးဇူးတွေ သမီး ဘယ်လိုဆပ်ရမလဲ ဖေဖေရယ် ... ဟင် ... ဒီမှာ ကြည့်ပါ ဖေဖေ၊ သမီးဘယ်လောက် ဝမ်းသာနေတယ် ဆိုတာ ... သမီး မျက်ရည်တွေတောင် ကျ လာပြီ ... ဒီမှာ ကြည့်ပါဖေဖေ ..."

မြမြတင်သည် ဦးညိုမောင်၏ လည်ကိုဖက်၍ ပခုံးပေါ် မေးတင်ရင်း

ပြောနေမှ ကိုယ်ကလေးကို နောက်သို့ခွာပြီး ဦးညိုမောင်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်၏။ သူပြောသည့် အတိုင်းပင် မြမြတင်၏ ပါးနှစ်ပြင်စလုံး မျက်ရည်များ ဖြင့် ဖုံးနေသည် ကို တွေ့ရသည် နှင့် ဦးညိုမောင်လည်း သမီး၏ ပါးကလေးနှစ်ဖက်ကို လက်ဝါးဖြင့် ဆုပ်ကိုင် လှုပ်ရမ်းနေရင်းက ...

"အေးပေါ့ သမီးရယ်၊ လက်ရှိမိဘတွေ ကိုယ့်သားသမီးအပေါ်မှာ ထားတဲ့ အိမ်ထောင်ရေးစနစ်နဲ့ နှိုင်းယှဉ်ကြည့်မယ် ဆိုရင်တော့ ဖေဖေ ပြုမူပုံတွေဟာ ဆန်းနေသလို ဧရာမ လိုက်လျောမှုကြီးလိုလို ဖြစ်နေမှာ ပဲ။ အမှန်ကတော့ ဖေဖေဟာ လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာပဲ ရှိတယ်။ ဒါ့အတွက်နဲ့ ဖေဖေ နာမည်ကောင်းယူစရာ မလိုဘူး ... မိဘတို င်းကလည်း သားသမီးပေါ်မှာ ဖေဖေ့လို စေတနာမျိုးထားပြီး ဖေဖေ့လိုပဲ အခွင့်အရေး ပေးသင့်နေတာ ကြာပြီကော။ အေး ... ဒီပြင်မိဘတွေ မ ပေးကြသေးတဲ့ အခွင့်အရေးကို ဖေဖေ အခုပေးလိုက်ပြီနော် ... အဲဒါ ဘာဖြစ်လို့ လဲ သိလား"

"ဟင့်အင်း ဖေဖေ ..."

"ကဲ ... ထိုင် ဖေဖေပြောပြမယ်"ဟု ဦးညိုမောင်က ပြောရင်း မြမြတ င်၏ ပခုံးကလေး နှစ်ဖက်ကို နှိမ်၍ အနီးတွင် ထိုင်ခိုင်းလိုက်ပြီးမှ -

"အခုလို ဖေဖေလိုက်လျောနေတာဟာ အမှန်ကတော့ သမီး လိမ္မာ လွန်းလို့ ပေါ့သမီးရဲ့ ၊ ကဲ ... တကယ်လို့ သမီးကသာ မယားတစ်ယော က်ကိုမှ လူတန်းစေ့အောင် ရှာမကျွေးနိုင်တဲ့ လူပေါ်ကြော့ တစ်ယောက် ကို ယူမယ်ဆိုရင် ဖေဖေ ဘယ်လိုလုပ်မယ် ထင်သလဲ ..."

"သမီးလိမ္မာရင်စံ၊ မိုက်ရင်ခံလို့ ဖေဖေ ပြောထားသားပဲ၊ အဝတ်တစ် ထည် ကိုယ်တစ်ခုနဲ့ ဆင်းရမယ်ဆိုတာ သမီးသိတာပေါ့ ဖေဖေ ..."

"အေး ... အချစ်မှာ ဆင်းရဲတာ၊ ချမ်းသာတာ မရှိဘူး ဆိုပေမယ့် အဲသလို အချစ်စိတ်ရှိတဲ့ လူတိုင်း ချမ်းတဲ့ အခါ ခြုံဖို့ စောင်လိုတယ်၊ ခြင်ကိုက်တဲ့ အခါ ထောင်ဖို့ ခြင်ထောင်လိုတယ်၊ ကလေးမျက်နှာ မြင်တဲ့ အခါ ပေးဖို့ ဝမ်းဆွဲခလိုတယ်၊ အချိန်တန်လို့ ဆာလာတဲ့ အခါ စားဖို့ ထမင်းလိုတယ် ... ဟုတ်ကဲ့လား ... ဒါတွေ သမီးသိပြီးသားပဲလေ၊ ဖေဖေအကျယ်ချဲ့ပြောဖို့ မလိုတော့ပေဘူး၊ မောင်လှပိုဟာ ဖေဖေတို့ နဲ့ စာရင် အပုံပဲ ဆင်းရဲသေးတယ်နော် ... ဒါပေမဲ့ ကိုယ်ကျင့်တရား ပြည့်ဝတယ်၊ ကျန်းမာရေး ခိုင်လုံတယ်၊ နောက်ဆုံးမှာ သားမယားကို ရေထမ်းပြီး ရှာကျွေးမယ့် လူစားမျိုးမို့ ဖေဖေယုံကြည်တယ် ... ဒါနဲ့ ... စောစောက မောင်လှပို ဘာပြောသွားသေးသလဲ သမီးကို ..."

"ထူးထူးထွေထွေတော့ ဘာမှ မပြောပါဘူး ဖေဖေ ... ခုဖေဖေတို့ စီမံတာကို သမီး သဘောတူ မတူလောက်ပဲ မေးပါတယ်"

"သမီးက ဘာပြောလိုက်လဲ ဒီတော့ ..."

"ဘယ်လိုမှ တော့ မပြောသေးဘူး ဖေဖေ၊ မယုတ်မလွန်လောက်ပဲ ..."

"အေး ... အေး ... ဒါဖြင့်လည်း ပြီးရောပေါ့ ... ခုနပြောသလိုပဲ သမီးတို့ ထိမ်းမြားဖို့ အတွက် ဘယ်လလောက်မှာ စီမံစေချင်တယ် ဆိုတာတော့ သမီးတို့ ချင်း တိုင်ပင်ပြီးပြောပေါ့၊ ... ဟုတ်လား ...၊ ကဲ မသင်းထုံ လာပေ့ ငါရေချိုးချင်ပြီ ..."

ထိုစကားနှင့် တစ်ပြိုင်တည်းလိုပင် ဦးညိုမောင်သည် ထိုင်နေရာမှ အညောင်းဆန့်ရင်း ထလိုက်ပြီး၊ လှေကားဘက်သို့ လျှောက်သွားသောကြောင့် ဒေါ်သင်းထုံပါ ထလိုက်သွားလေ၏။

*****

"ဘာတွေများ ဆွေးနွေးခဲ့ကြသလဲမေမေ ..."

အချိန်မှာ ၅-နာရီ သာသာမျှသာ ရှိသေးသောကြောင့် ထမင်းစားချိန် ဖြစ်သည် နှင့် အညီ ကိုလှပိုတို့ မုန့်ဟင်းခါးဆိုင်တွင် လူအတော်ကလေး ရှင်းနေသေးသည့် အတိုင်း ကိုလှပိုသည် ဆိုင်ပေါ်ထိုင်နေရာ အနီးသို့ ရောက်လာသော ဒေါ်စိန်ပွင့်အား ဤသို့ လှမ်းမေးလိုက်သည် တွင် ...

"မင်းရော - မြမြတင်လေးပါ၊ ဘယ်လိုလိမ္မာပြီး ဘယ်လိုအဖိုးတန်တယ် ဆိုတာတွေလောက်ပဲ ပြောကြတယ်။ ဒီပြင်တော့ ဘာမျှ မဆွေးနွေးရသေးဘူး ... ဘာဖြစ်လို့ လဲ ..."

ဤတွင် ကိုလှပိုက နေရာဖယ်၍ အောက်သို့ ဆင်းလိုက်သဖြင့် ဒေါ်စိန်ပွင့်က ဆိုင်ပေါ်တက်ထိုင်ရင်း၊ ဟင်းအိုးကို မွှေနေခိုက် ...

"ဘာမှ တော့မဖြစ်ပါဘူး၊ ကျွန်တော် လက်ထပ်ဖို့ ကိစ္စတွေများ ဆွေးနွေးကြသေးသလားလို့ "

"အဲဒီအကြောင်းတွေတော့ ဘာမှ မပြောကြဘူးသားရဲ့ ... သြော် ... သြော် ... တစ်ခုတော့ ပြောတယ်၊ နေ့ရက်ရွေးဖို့ ကိစ္စတော့ မင်းတို့ လူငယ်ချင်း တိုင်ပင်ခိုင်းပြီးမှ စီစဉ်မယ်တဲ့ ... မေမေဖြင့် ဒီတစ်ခါ ကြားဖူးတယ်၊ နွားကလေးနို့-နွားမကြီးစို့ ဆိုတဲ့ ကောသလအိပ်မက်လို ဖြစ်နေပြီ ..."

ဒေါ်စိန်ပွင့်လည်း ... ဟင်းအိုးမွှေနေရာမှ ယောက်ချိုတွင် ကပ်ငြိ၍ ပါလာသော ငှက်ပျောအူမျှင်များကို အသာယူပစ်လိုက်ရင်း ဤသို့ ပြောလိုက်သည် နှင့် ...

"ဒီလို ဘယ်ဟုတ်မလဲ မေမေ၊ ခုကိစ္စနဲ့ မေမေပြောတဲ့ ဥပမာနဲ့ ဆို

တခြားစီဖြစ်နေပြီ၊ ကဲ ... ဒါထားလိုက်ပါတော့လေ၊ မေမေ့ကို ကျွန်တော် တစ်ခုပြောချင်တာက ... ခုလို စေ့စပ်ကြတဲ့ အကြောင်းကို မေမေ ဘယ်သူ့မှ မပြောနဲ့ ဦးနော် ဟုတ်လား၊ ကျွန်တော့်ဆရာ့ဆီ ခဏသွားလိုက်ဦးမယ် ..."ဟု ပြောပြောလှည့်လှည့် လှည့်ထွက်သွားသော ကိုလှပိုအား ဒေါ်စိန်ပွင့်လည်း နောက်ပိုင်းမှ ငေးကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေတော့၏။

ကိုလှပိုသည် မြမြတင်အား ချစ်ရာ၌ အသည်းထဲမှ မြတ်နိုးခဲ့သူ ဖြစ်သည့် အတိုင်း၊ မြမြတင်ကလည်း ကိုလှပိုထက် မလျှော့သောမေတ္တာဖြင့် တွယ်တာခဲ့သည် သာ ဖြစ်၏။ လက်ရှိခေတ်၏ ဓနရှင်နှင့် မိဘစနစ်အတိုင်းဆိုလျှင် ကိုလှပိုလို မုန့်ဟင်းခါးသည် မုဆိုးမတစ်ယောက်၏ သားကို သုံးလေးသိန်း ချမ်းသာသူ ဦးညိုမောင်ကဲ့သို့သော သူဌေးတစ်ယောက်၏ သမီးဖြစ်သူနှင့် ကြည်ကြည်ဖြူဖြူ ပေးစားရန်မှာ ယောင်၍ မှ အိပ်မက်မက်နိုင်စရာ မရှိ။ သို့သော် ကိုလှပိုကား ယင်းသည့် အခွင့်အရေးကို လွယ်လွယ်ကလေး ရခဲ့၏။

သို့ပါလျက်လည်း ကိုလှပိုမှာ အဘယ်လိုစိတ်မျိုး ဝင်နေသည် မသိ၊ မြမြတင်နှင့် အဆင်မပြေ ဖြစ်ခဲ့သည် မှ နှစ်ရက်တိတိ ဝင်ထွက်သွားလာခြင်း မရှိခဲ့သောကြောင့် ဒေါ်စိန်ပွင့်ကပင်လျှင် တအံ့တသြ မေးမြန်းလာရတော့၏။

"ဒီနေ့ကော ... မင်း ... မြမြတင်ဆီ ရောက်ခဲ့သေးသလား မောင်လှပို ..."

"ဟင့်အင်း မေမေ ... မရောက်ဘူး"

"အင်း ... ယောက္ခမလောင်းကလည်း လူတစ်မျိုး၊ သမက်လုပ်မယ့် လူကလည်း ခပ်ဆန်းဆန်း ဆိုတာလို ဖြစ်နေပြီ။ ဒီပြင်လူငယ်တစ်ယော

က်သာဆိုရင် အချိန်ရှိသလောက် မြမြတင်နား ကပ်နေမှာ ပဲ ... ငါ့သား ကတော့ ..."

"ဟုတ်တယ်မေမေရေ၊ ကျွန်တော်ကတော့ သိပ်ပြီး ခခယယ လုပ်မ နေချင်ဘူး၊ အိမ်ထောင်ရေး ဆိုတာမျိုးက မေမေသိတဲ့ အတိုင်း ခုကတ ည်းက သိပ်ပြီးခယနေရင် ... နောင်လည်း လုပ်နေရမှာ မို့ ဦးကျိုးတော့ မခံနိုင်ဘူးမေမေ ..."

"အို ... သားရယ် ... မင်းဘယ်လိုစကားတွေ ပြောနေရတာလဲ၊ ကို ယ့်အခြေအနေလည်း ပြန်ပြီး သတိရဦးမှာ ပေါ့၊ ဘာပဲပြောပြော သူတို့ က မေမေတို့ ထက် အစစအရာရာမှာ သာနေတာပဲမဟုတ်လား၊ မသ ကာရင် ပစ္စည်းတွေ၊ ဂုဏ်တွေကြောင့် မဟုတ်တောင် မိန်းကလေးအနေ နဲ့ ဖြစ်ဖြစ် နည်းနည်းပါးပါးတော့ လိုက်လျောရမယ် မဟုတ်လား၊ အမှန် က မေမေလည်း ငါ့သားဘက်လိုက်ပြီး သဘောတူသင့်ပေမယ့်၊ ဒီကိစ္စမှာ တော့ မိန်းမချင်း ကိုယ်ချင်းစာဆိုသလို ခု - မင်းပြောတာတော င် မေမေ့နားမှာ ခါးလှပြီ၊ တကယ်လို့ မေမေသာ မြမြတင်မိဘဖြစ်နေပြီး ၊ မင်းဒီလိုစကားမျိုးပြောတာ ကြားရရင်လား ... ဟင်း ... ဘာကြီးဖြစ် နေနေ မပေးစားဘူး ..."

ဒေါ်စိန်ပွင့်က မေးတဆတ်ဆတ်နှင့် ခပ်ပြတ်ပြတ် ပြောလိုက်သောကြောင့် ကိုလှပို ငိုင်သွား၏။ သူ့အပြုအမူနှင့် အယူအဆ သည် ပင် မှားနေပြီလောဟု လည်း ကိုလှပို သံသယဖြစ်နေ၏။

"မင့်ဟာမင်းပဲ စဉ်းစားကြည့်စမ်း မောင်လှပို၊ ကဲ ... ကဲ ... မြမြတင် ကို မင့်သမီးအဖြစ်နဲ့ ပဲ၊ သဘောထားပြီး တွေးကြည့်စမ်း၊ မေမေ ပြော တာက သူတို့ ဆီသွား- ခခယယ လုပ်နေဖို့ မဟုတ်ဘူး သားရဲ့ ဒီပြင်သူ ဌေး တစ်ယောက်သာဆိုရင် မင့်ကို ဒီလိုခေါ်ပြီး စေ့စပ်မတဲ့ လား ... ဟ

င် … ဒါနဲ့ တောင် မင်းက အကဲကိုင်ချင်နေတာတော့ - မေမေလည်း မကြိုက်ဘူးကွဲ့။ တကယ်ဆိုရင် … တစ်နေ့တစ်ခေါက်လောက် ဖြစ်ဖြစ်၊ ဝင်လား-ထွက်လား လုပ်ဖို့ ကောင်းတယ် …"

ကိုလှပိုလည်း - ထိုစကား ကြားရသည် နှင့် ရင်တွင် အတော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ - အတန်ကြာတွေနေပြီးမှ …

"ဟုတ်တယ်မေမေ … ကျွန်တော် စဉ်းစားမိပါပြီ၊ ခုပဲ - သွားလိုက်မယ်လေ … နော် …"

ပြောပြောဆိုဆိုပင် - ကိုလှပိုလည်း အဝတ်အစားလဲ၍ ခြေလှမ်းကြီးနဲ့ ထွက်လာခဲ့သည် ၌ ရွက်လှပန်းပင်တစ်ပင်မှ အရွက်နွမ်းများကို တစ်ရွက်စီ ခြွေပစ်နေသော ဦးညိုမောင်နှင့် ရင်ဆိုင်မိကာ -

"ဟေ … မောင်လှပို … မင်းမမြင်တာ ၂-ရက်ရှိပြီ ထင်ပါရဲ့ …"

"ဟုတ်ကဲ့ … ကျွန်တော်လည်း အကြောင်းထူးကိစ္စ မရှိတာတစ်ကြောင်း နောက်ပြီး …"

ကိုလှပိုသည် ရုတ်တရက် အဘယ်ပုံစံ စကားဆက်ရမည် မသိသကဲ့သို့ အပြောတန့်သွားစဉ် …

"အေး … ဦးကလည်း … ဝင်စေထွက်စေဆိုတဲ့ အခွင့်မှ မပေးလိုက်မိသေးပဲကိုးကွ၊ မင်းရွံ့နေဦးမှာ ပေ့ါ၊ ဟုတ်တယ် … ဒါဦးရဲ့ အပြစ်ပဲ၊ ကဲ … ကဲ … မြမြတင်တော့ အပေါ်ထပ်မှာ ရှိလေရဲ့ … တက်သွား … တက်သွား … နောင်လည်း ဝင်စေထွက်စေပေ့ါကွာ …"

စကားဆုံးသည် နှင့် ဦးညိုမောင်လည်း ချက်ချင်းမျက်နှာလွှဲကာ … တခြားပန်းအိုး တစ်လုံးဆီသို့ လှည့်ထွက်သွားသောကြောင့် ကိုလှပိုလည်း အပေါ်ထပ်သို့ ခပ်မှန်မှန် လှမ်းတက်ခဲ့၏။

မိမိအား တွေ့တွေ့ချင်း နှုတ်ဆက်လိုက်သော ဦးညိုမောင်၏ စကားမှာ ရိုးရိုးရှင်းရှင်းကလေးပင် မှန်သော်လည်း မိမိမရောက်ခဲ့သည့် ထိုနှစ်ရက်အတွက်ကို ဦးညိုမောင် မကျေနပ်သလို အဓိပ္ပာယ်မျိုး သက်ရောက်နေသည့် အဖြစ်ကိုလည်းကောင်း၊ ဒုတိယစကားတွင် လည်း မိမိအပေါ်၌ ပစ္စည်းမဲ့ တစ်ယောက်အား ဓနရှင်တစ်ဦးက ဆက်ဆံသည့် လေသံမျိုး မဟုတ်ဘဲ တန်းတူအရေးပေး၍ လေးလေးစားစား ပြောဆိုလိုက်လျှောနေသည့် သဘောများကိုလည်းကောင်း၊ ကိုလှပိုသည် လှေကားမှ တက်လာရင်းပင် ရှင်းရှင်းကြီး တွေးမိလာ၏။

"နေကောင်းရဲ့ လား မြမြတင် ..."

ကိုလှပိုသည် လှေကားထိပ်တွင် ရပ်၍ သံဆွဲတံခါးပေါက်မှ အတွင်းသို့ လှမ်းကြည့်ရင်း ဤလိုနှုတ်ဆက်လိုက်သည် နှင့် မြမြတင်လည်း စာအုပ်တစ်အုပ်ကို ကိုင်၍ ဧည့်ခန်းတွင် ထိုင်နေရာမှ ရုတ်တရက် ထလာပြီး ...

"ဟုတ်ကဲ့ နေကောင်းပါတယ် ကိုလှပို ..."ဟု ပြောရင်းက တံခါးကို အသာဆွဲဖွင့်ပေးလိုက်၏။

လွန်ခဲ့သော နှစ်ရက်က တစ်ယောက်နှင့် တစ်ယောက် အယူအဆတွေးပြီး အစေးမကပ် ဖြစ်ခဲ့ကြသည် ကို အကြောင်းပြု၍ သူမာလျှင် ငါတင်းမည်ဟူသော စိတ်ကလေးများ ဖြင့် မသိမသာ ရွံ့နေခဲ့ကြရာမှ ယခု ကိုလှပိုက အလျှော့ပေးသလို ရောက်လာသော်လည်း မြမြတင်ကမူ အနိုင်ယူလိုသည့် အသွင်မျိုး လုံးဝမပြဘဲ ခါတိုင်းကဲ့သို့ပင် ရိုးရိုးယဉ်ယဉ် မှင်သေသေ အမူအရာဖြင့် ဆီးကြိုနှုတ်ဆက်ရှာ၏။

အိမ်အဝင်ဝတွင် ဦးညိုမောင်နှင့် တွေ့စဉ်က ကြားခဲ့ရသော စကားများ အတွက် ကိုလှပို စိတ်မကောင်းစွာနှင့် အားနာသလို

ဖြစ်ခဲ့ရပြီး၊ ယခုတစ်ဖန် မြမြတင်၏ ပကတိသန့်ရှင်းသော အမူအရာနှင့် မိမိအပေါ်၌ တစ်ဖက်စီးနင်းစိတ်မျိုး လုံးဝမရှိသည့် အသွင်ကို မြင်လိုက်ရပြန်သောကြောင့် ကိုလှပိုမှာ သူထားမိသော စိတ်အတွက်ပင် သူ့ကိုယ်သူ ရှက်နေရှာ၏။

"အင်း ... မေးရိုးမေးစဉ်မို့သာ မေးလိုက်ရတယ် - အမှန်ကတော့ ... နေထိုင်ကောင်းလို့ လည်း ဖြီးလိမ်းဝတ်စားပြီး ထူထူထောင်ထောင်ထိုင်နေတဲ့ လူတစ်ယောက်ကို နေကောင်းရဲ့ လားရယ်လို့ မမေးဘဲ ဒီပြင်စကားတစ်ခုခု ထွင်ဖို့ ကောင်းနေပြီ ထင်ပါရဲ့ မြမြတင် နော်"

ဧည့်ခန်းရှိ ဆိုဖာများ တွင် မျက်နှာချင်းဆိုင် မကျတကျ ကိုယ်စီကိုယ်င ထိုင်မိကြသည် နှင့် ကိုလှပိုက ဤလိုစကားစလိုက်သည် ကို မြမြတင်က တုံ့ပြန်အဖြေပေးတော့မည် ရှိနေခိုက် အတွင်းဘက်မှ ဒေါ်သင်းထုံ ထွက်လာသည် ကို မြင်ရပြီး ...

"ဩ- မောင်လှပို ရောက်နေသကိုး ... ငါ့တူလည်း အလုပ်များ နေထင်ပါရဲ့ "

သို့ပြောလိုက်သော ဒေါ်သင်းထုံ၏ စကားတွင် လည်း မြမြတင်ထံသို့ မရောက်ခဲ့သည့် ထိုပျက်ကွက်ခဲ့သော နှစ်ရက်အတွက်ကို ဒေါ်သင်းထုံပါ မကျေနပ်သည့် သဘောမျိုး ပါနေသည် ကို ကိုလှပို ရိပ်စားနားလည်လိုက်၏။ တစ်ဖန် ဦးညိုမောင်နှင့် ဒေါ်သင်းထုံအပြင် မိခင်ဖြစ်သူ ဒေါ်စိန်ပွင့်ကပါ သဘောမကျ ရှိခဲ့သည် ဖြစ်ရာ ကာယကံရှင် မြမြတင် အဖို့ သော်ကား - ပြောဖွယ်ရာမလိုတော့ ဟူ၍ လည်း ကိုလှပို အတွေးပေါက်မိ၏။

"အလုပ်များ လှလို့ ရယ်တော့ မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ဝင်လားထွက်လားလုပ်လို့ တော်မတော် ချင့်ချိန်နေရင်းနဲ့ ..."

"မဆိုင်တာကွယ်-မကြာခင် မင်းလည်း တို့ အိမ်သားတစ်ယောက် ဖြ

စ်ရတော့မှာ ပဲဟာ၊ အေး ... နောက်ကို အချိန်မရွေး ဝင်နိုင်တယ်၊ ထွက်နိုင်တယ်ပေါ့ကွယ်၊ မနေ့ကတောင် မင့်ဦးလေးက မေးနေသေးတယ်၊ ကဲ ... ကဲ ... စကားပြောကြဦး ..."

ဤတွင် ကိုလှပိုမှာ တတိယအကြိမ် အဖြစ်ဖြင့် အနင့်သား အားနာသွားပြန်၏။ ချက်ချင်းဆိုသလို မြမြတင်ဘက်သို့ လှည့်ကြည့်လိုက်သည်၌ လည်း မြမြတင်မှာ မည်သည့် ထူးခြားသော အမူအရာမျိုးမှ မပြဘဲ ရိုးရိုးကလေးပင် ပြုံးနေသောကြောင့် ... ကိုလှပိုတွင် ဘာပြောရမည် မသိလောက်အောင် စကားစပျောက်နေရာမှ ...

"ဟုတ်တယ် မြမြတင်၊ ကျွန်တော်တို့ တစ်တွေဟာ သွားရင်းလာရင်း အသိမိတ်ဆွေ တွေ့တဲ့ အခါလည်း ... နေကောင်းရဲ့ လားလို့ မေးတာတယ်ပြီး အဓိပ္ပာယ် မရှိဘူးထင်ပါရဲ့ ၊ နေထိုင်ကောင်းလို့ လည်း သွားလာနေနိုင်တာပဲ မဟုတ်လား ..."

လက်ငင်းအခြေအနေနှင့် အဆင်ပြေ တိုက်ဆိုင်မည့် စကားကို ရှာမတွေ့နိုင်သည် နှင့် ကိုလှပို ထိုမည်သော သူစခဲ့သည့် စကားကိုပင် ပြန်၍ ကောက်လိုက်သောကြောင့် ...

"ဒါတော့ ကျွန်မတို့ မြန်မာတစ်မျိုးတည်းမှ ဒီလိုနှုတ်ဆက်တာ မဟုတ်ဘဲ၊ အိန္ဒိယလူမျိုးတွေ၊ အင်္ဂလိပ်တွေလည်း ဒီအတိုင်းမာရဲ့ လား၊ နေထိုင်ကောင်းကြရဲ့ လား ...လို့ နှုတ်ဆက်ကြတာပဲ မဟုတ်လား"

"အင်း ... ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲသလို နှုတ်ဆက်မယ့်အစား" နေရေးထိုင်ရေး သာသာယာယာ ရှိကြပါရဲ့ လား"လို့ နှုတ်ဆက်ရင် ပိုပြီးကောင်းမလားလို့ ... ကဲ ... ဒါကို ထားလိုက်ပါတော့လေ ... နော်၊ ခု ကျွန်တော်လာတဲ့ ကိစ္စကတော့ ဟိုနေ့က ကျွန်တော်ပြောတဲ့ စကားနဲ့ ပတ်သက်ပြီး ... မြမြတင် အတော်ကလေး

မကျေမနပ် ဖြစ်သွားတာကို ဘာကြောင့် ရယ်လို့ ..."

"နို့ ... ဘာကြောင့် ကျွန်မ၊ မကျေမနပ် ဖြစ်သွားတယ် ဆိုတာကို ကိုလှပို မစဉ်းစားရသေးဘူးလား ..."

"စဉ်းစားတာပေ့ါ မြမြတင် ဒါပေမဲ့ ဒီလောက်အထိ ဖြစ်ရအောင် ကျွန်တော့်စကားတွေ မလွန်ဘူး ထင်တာပဲ ..."

မြမြတင်သည် ရုတ်တရက် ဘာမျှမပြောသေးဘဲ ခေါင်းလျှော်ပြီးစမို့ ကျောပေါ်တွင် ဖြန့်ချထားသော ဆံပင်များကို လက်နောက်ပြန်ကွေး၍ အသာအယာ ဖွလိုက်ပြီးမှ ...

"ဒါက ကိုလှပိုဘက်ကနေပြီး စဉ်းစားတာ ဖြစ်ပါလိမ့်မယ်၊ ကျွန်မလို မိန်းမသားတစ်ယောက် အဖြစ်နဲ့ ရှင်တွေးကြည့်စမ်းပါလား ..."

"ဒါဖြင့်လည်း ... ဟိုနေ့ကစကားကို ပြန်ကောက်ကြစို့လား မြမြတင်နော် ... အဲဒီနေ့က မြမြတင် ဘာပြောသလဲ၊ နောက်ဆုံးစကားဟာလေ ..."

"အင်း ... ရောင်းသူက အရင်းအတိုင်းနဲ့ ပေးနေတာတောင် ကိုလှပိုက ဈေးဆစ်နေရသလားလို့ ကျွန်မက မေးတယ် ..."

"ဒီတော့ ... ကျွန်တော်က တချို့ဈေးသည် တွေဟာ ကုန်နည်းနည်းညံ့လာရင် အရင်းတိုင်းနဲ့ ရောင်းတတ်ကြတယ်လို့ ပြောမိတယ်၊ အမှန်ကတော့ မြမြတင်ပေးတဲ့ စကားဥပမာနဲ့ ဆီလျော်အောင် ကျွန်တော် ဒီလိုပြောမိတာ လွန်သွားသလား မြမြတင် ..."

"ရှင်စဉ်းစားကြည့်လေ ... ဥပမာပေးပြီး ပြောတယ်ဆိုတာ သူ့နေရာနဲ့ သူ ပြောရတယ်လို့ ကိုလှပို သိဖို့ ကောင်းတယ် ... သဘောအားဖြင့် ပြောရမယ်ဆိုရင် ရှင်စိတ်မဆိုးနဲ့ နော် ... ခုနေ ကိုလှပို သိန်းထီပေါက်

တယ် ဆိုပါတော့ အဲဒါကိုတချို့က ... ဟာ ... မောင်လှပိုတစ်ယောက် တော့ စိုင်ကော်လို့ ချုံပေါ်ရောက်သွားပြီ ... လို့ ပြောချင်ပြောမယ်။ တချို့ ကလည်း ... ခွေးရူးတော့ ကောင်းစားသွားပြီ ဘယ်နှမွှန်းတည့် ခံမလဲမ သိဘူး ... လို့ ဆိုချင်ဆိုကြလိမ့်မယ် ... ကဲ ... အဲဒီဥပမာ နှစ်ခုအနက် ကို လှပို ဘယ်ဒင်းကို သဘောကျနိုင်ပ့ါမလဲ ... ဟင်"

ကိုလှပိုမှာ ဘာပြော၍ ဘာပြောရမည်မသိ၊ တွေတွေကြီးငေးရင်း၊ တစ်စုံတစ်ရာ စဉ်းစားသလို ကြည့်နေသောကြောင့် ...။

"စင်စစ်တော့ ဒါဟာ မေးဖို့ တောင် မလိုပါဘူး။ ပထမပြောတဲ့ ဥပ မာကိုသာ ရှင်သဘောကျမှာ ပဲ။ ဒုတိယ ဥပမာကတော့ "ကောင်းစားတ ယ်"ဆိုတာက လွဲရင် ခွေးရူးတို့ ... ဘယ်နှမွှန်းတည့် ခံမလဲတို့ ဆိုတဲ့ စ ကားတွေထဲမှာ မနာလိုမှု၊ နှိမ့်ချမှုတွေ အပြည့်ပါနေလို့ ဒီလိုပြောတဲ့ လူ ရဲ့ စေတနာဟာ ဘယ်အထိ မသန့်ရှင်းဘူး ဆိုတာလည်း ထင်ရှားနေတ ယ်။ ဒါပေမဲ့ ခုပြောတဲ့ ဥပမာနှစ်ခုစလုံးကတော့ ပေးလို့ ဖြစ်တဲ့ ဥပမာချ ည့်ပဲ။ ကောင်းတာနဲ့ မကောင်းတာ ကွာသလို၊ ကျွန်မကို ရှင်ပြောတဲ့ ဥပ မာဟာလည်း ဒီသဘောမျိုး ဖြစ်နေတယ် ..."

ကိုလှပိုကမူ မြမြတင်၏ စကားတွင် သာ နားစွင့်နေ၏။ ထူးထူးထွေ ထွေ ဘာမျှ စွက်ဖက်ပြောဆိုခြင်း မပြုသေးသောကြောင့် ။

"တချို့ကုန်သည် တွေလည်း ပစ္စည်းညံ့သွားတဲ့ အခါ အရင်းတိုင်းနဲ့ ရောင်းတတ်ကြတာပဲ ဆိုတဲ့ ရှင့်စကားအတိုင်းဆိုရင် ... ဖေဖေတို့ ကပဲ ကျွန်မကို ရောင်းလို့ မစွံတဲ့ ကုန်ညံ့မို့ နွားမရှုံ့ပိတ်ပြီး လက်သိပ်ထိုး အရ င်းတိုင်းနဲ့ ရောင်းသလို ဖြစ်မနေဘူးလား ကိုလှပို"

နှုတ်ခမ်းကလေး တရွရွနှင့် ချက်ကျကျ မေးလိုက်သော မြမြတင်၏ စကားဆုံးသည် နှင့် နုံးသလိုလို ငိုင်နေသော ကိုလှပိုလည်း စိုစိုပြည်ပြည်

ကြီး ပြုံးလာ၏။ ကုန်းထားသော ကိုယ်ကို အနည်းငယ်ဆန့်လိုက်၏။ ပြီးမှ ...

"ကျွန်တော် သဘောပေါက်ပါပြီ မြမြတင် ဟုတ်တယ်၊ ကျွန်တော်ပြောခဲ့တဲ့ ဥပမာဟာ မြမြတင် ယူဆသလိုပဲ၊ အဓိပ္ပာယ် အများကြီး လွဲသွားတာမို့ ကျွန်တော် တောင်းပန်ပါတယ် မြမြတင်၊ ဟုတ်လား ... ကျေနပ်ပါနော်၊ ကျွန်တော် စကားပြော လောကြီးသွားလို့ ခုလိုဖြစ်ရတာ နည်းနည်းမှ စိတ်မကောင်းဘူး ..."

ဟန်ဆောင်မှုမသမ်းဘဲ တကယ့်ဝမ်းနည်းသံနှော၍ ပြောလိုက်သည့် အဖြစ်ကို အသေအချာ နားလည်သွားသော မြမြတင်လည်း ကိုလှပို စကားတန့်လိုက်သည် နှင့် ...

"ဘယ်လိုမှ သဘောမထားပါဘူး ကိုလှပို၊ ကျွန်မကျေပါတယ်၊ မှားတာကို မှားတယ်လို့ ဝန်ခံလိုက်တဲ့ စကားမျိုး ကြားရလို့ ကျွန်မစိတ်ကလေး ကြည်လင်သွားရတဲ့ အတွက်လည်း ကိုလှပိုကို ကျေးဇူးတောင် တင်မိပါသေးတယ် ..."

ခေါင်းလျှော်၍ ရှင်းထားသဖြင့် ဆီကင်းပြီး ရွှဖြာနေသော ဆံပင်များကို နားနှစ်ဖက်တွင် အုပ်၍ ရှုပ်နေမည်စိုးသည် နှင့် နီညိုရင့်ရောင် ဖဲပြားကလေးဖြင့် ထိန်းလျက်၊ နဖူးအထက် လက်သုံးလုံးလောက်ဆီတွင် လှလှပပကလေး ချည်ထားသောကြောင့် ဤသည် ကိုပင် လှိုက်လှဲစွာ သဘောကျနေ၍ လားမသိ၊ ကိုလှပိုလည်း မြမြတင်၏ စကားဆုံးသွားသည့်တိုင်အောင် ဖြုန်းခနဲ မပြောနိုင်၊ ဘာမျှလည်း မမေးနိုင်သေးဘဲ ချည်ထားသော ဖဲကြိုးကလေးကြားမှ စွမ်းအားရှိသလောက် ကြွတက်မောက်ခုံးပြီး ချစ်စဖွယ် ဖောင်းနေသော မြမြတင်၏ ဆံစဦးပိုင်းဆီတွင် သာငေးနေ၏။

"ကျွန်တော်မှားလို့ မှားကြောင်း ဝန်ခံတဲ့ အတွက် မြမြတင်စိတ်ထဲ ကြည်လင်သွားသလို၊ ကျွန်တော့်အဖို့ မှာ လည်း အဲသလို ဝန်ခံလိုက်ရ တာကိုပဲ အရသာတစ်ခု အဖြစ်နဲ့ ခံစားမိပါတယ် မြမြတင် ... ကဲ ... ဒီ ကိစ္စက ဒီမှာ ပဲပြီးဆုံးသင့်ပါပြီနော် ...။ ကျွန်တော့်စိတ်ထဲမှာ သိချင်နေ သေးတာကတော့ ကျွန်တော်နဲ့ လက်ဆက်ရမယ့်အရေးမှာ မြမြတင်ရဲ့ သဘောတူညီမှု ရာခိုင်နှုန်းပြည့် ပါမပါဆိုတဲ့ "

"ဒီစကားကို ဆွဲသွင်းလာပြန်ပြီလား ကိုလှပို၊ နို့ ... နေပါဦး ... ကျွန် မ မကျေနပ်လို့ ခေါင်းခါလိုက်ရင် တစ်မိနစ်အတွင်းမှာ ဒီကိစ္စ ပျက်သွား နိုင်တယ်ဆိုတာ သိရက်သားနဲ့ ဒါကိုချည်း ထပ်တလဲလဲ မေးနေရတာက ဘာသဘောတဲ့ တုန်း"

မြမြတင်သည် လက်ဝါးကလေးတစ်ဖက်ကို ဖြန့်လျက် ဇက်ပေါ်သို့ လျှိုလိုက်ကာ ဆံအုံကို အသာမပြီး ခေါင်းကလေးပါခါ၍ ဖွရင်းက မေး လိုက်၏။

"ဘယ်လိုသဘောနဲ့ မှ မေးတာ မဟုတ်ဘူး မြမြတင်၊ ရှင်းရှင်းပြောရ ရင် ကျွန်တော့်ကို မြမြတင်က မေတ္တာရှိမရှိ သိချင်လို့ မေးနေရတာပါ ... "

"အဲဒါလည်း ... မေးဖို့ မလိုတော့ဘူး ကိုလှပို .."

မပွင့်တပွင့်နှင့် နှုတ်ခမ်းကလေးသာ လှုပ်ရုံပြောပြီး ရုတ်တရက် ငုံ့ သွားသောကြောင့် ...

"သေသေချာချာ လိုတာပေါ့ မြမြတင်၊ အိမ်ထောင်ရေးဆိုတာမှာ တ စ်ယောက်နဲ့ တစ်ယောက် မညားခင်ကတည်းက စိတ်သဘောချင်းတိုက် ဆိုင်ပြီး အချစ်ချင်းတူဖို့ သာ အဓိကအရေးကြီးဆုံး အချက်ပဲပေါ့ ...၊ ဒါ ကို မြမြတင် မယုံကြည်ဘူးလား ..."

နီညိုရင့်ရောင် သို့မဟုတ် ကျောင်းသူလောက အထက်တန်းစားအခေါ်ခံ အမျိုးသမီးလောကတွင် ခေတ်စားနေသော (Mroon Colour)မရွှန်းကာလာ ဖဲပြားကလေးနှင့် ပဏာရစွာ စိုက်ပန်ထားသည့် တစ်ပွင့်တည်းသော သုံးပန်လှ ပန်းပွင့်ကလေးကိုဖြုတ်၍ ညှာတန်ကလေးကို လက်ညှိုးနှင့် လက်မကြားတွင် ညှပ်ကာ အသာအယာ လှိမ့်လှည့်နေရင်းက ...

"အင်း ... ယုံကြည်ရမှာ ပေါ့ ကိုလှပို ၊ မိန်းမနဲ့ ယောကျ်ားဟာ အိမ်ထောင်မပြုခင် တစ်ယောက်အကြောင်း တစ်ယောက် သိရမယ် ... နောက်ပြီး ..."

ရှေ့ဆက်ရမည်ကို ခက်နေသောကြောင့် လား မသိ၊ မြမြတင်က ရုတ်တရက် စကားတန့် လိုက်သည် နှင့် ...

"နောက်ပြီး တစ်ယောက်ကို တစ်ယောက် ချစ်ရမယ် မဟုတ်လား မြမြတင် ..."

တစ်နေ့လျှင် သုံးကြိမ်တိတိ အရောင်ပြောင်းလေ့ ရှိသည့် အတိုင်း၊ တတိယအရောင်သို့ ကူးပြောင်းစ ပြုနေပြီဖြစ်သော သုံးပန်လှအပွင့် ရဲရဲကလေးကို ငုံ့ကြည့်ရင်း တွေနေရာမှ ပင် ...

"အင်း ... ဆိုပါတော့ ..."

"အဲ ... ကျွန်တော့်ဘက်ကတော့ မြမြတင်ကို ချစ်နေတာသေချာပြီ၊ နို့ ... မြမြတင်ကကော ..."

ထိုစကားသည် မြမြတင် အဘယ်ပုံ တုန်လှုပ်သွားစေသည် မသိ၊ လက်ထဲရှိ ပန်းပွင့်ကလေးပင် လွတ်ကျသွားကာ မကြည်မသာကလေး မော့လာ၏။

"ကျွန်မသိတယ် ကိုလှပို၊ ရှင့်စကား စလာကတည်းကိုက ရှင်ဘာကို တောင့်တလာတယ်ဆိုတာ သိသပေါ့ ..."

"သိရင်လည်း ပြော ပြောလိုက်ပါတော့ မြမြတင်ရယ်၊ ဘာလောက် ဝန်လေးတာမှတ်လို့ ..."

"အင် ... ပြောရမယ် ... ဟုတ်ကဲ့လား .. လိုမှ မလိုတော့တဲ့ ဥစ္စာ ဘာလို့ ပြောရမလဲ ..."

"ပြောဖို့ မလိုဘူး ဆိုတာက ဘာလဲ မြမြတင်၊ ကျွန်တော်ချစ်သလို မြမြတင်ကလည်း ချစ်နေတာပါပဲ ဆိုတဲ့ ..."

"တယ်ခက်ပါလား ကိုလှပို .."

"မခက်ပါဘူး မြမြတင် ... ခုရှုပ်မှ နောင်ရှင်းဆိုတာလို ... နောင်တစ်နေ့ကျတော့ ... ရှင့်ကိုချစ်လို့ ယူတာ မဟုတ်ဘူး ။ မိဘစကားကို မလွန်ဆန်ချင်လို့ ယူရတာဆိုတဲ့ စကားမျိုးပြောလာရင် ဘယ့်နှယ်လုပ်မလဲ။ ကျွန်တော်ရှက်တယ် မြမြတင်၊ ဒီလိုတော့ အပြောမခံနိုင်ဘူး"

မြမြတင်လည်း ကရုဏာဒေါသောဖြင့် အကြောကလေးများ ထနေသည် အထိ အံတကြိတ်ကြိတ်နှင့် ကြည့်နေရာမှ -

"ကဲ ... ကိုလှပို - ရှင်ထင်ချင်သလိုထင်တော့၊ ကျွန်မ မပြောဘူး"

"နေပေ့ါ မြမြတင်၊ မပြောဘဲလည်း နေလို့ ရပါတယ်။ ပြောရမှာ ခက်နေရင်ပေ့ါလေ၊ ဒါပေမဲ့ နောက်နောင်ကို မိဘပေးစားလို့ ယူရတာပါဆိုတဲ့ စကားမျိုး မပြောပါဘူးလို့ တော့ဖြင့် ကတိပေးသင့်တယ် ထင်တာပဲ"

မြမြတင်သည် အံကလေးခဲ၍ သဲသဲမဲမဲ စိုက်ကြည့်နေပြီးမှ ...

"ကဲ ... ပေးတယ်၊ အဲဒီကတိတော့ပေးတယ် ... ကျေနပ်ပလား"

ခေါင်းကလေး တဆတ်ဆတ်နှင့် ခပ်ပြတ်ပြတ် ပြောလိုက်သော မြမြတင်၏ အမူအရာ မျက်နှာပေးကလေးမှာ ကိုလှပိုအဖို့ ဒွိ မခို့တရို့ကလေး ပြုံးလိုက်သည် ထက်ပင် ချစ်စရာကောင်းသွားသည် ထင်ရ၏။

"ကျေနပ်ပါပြီကော မြမြတင်၊ အင်္ဂလိပ်(၅)ဂဏန်းနဲ့ မြန်မာ(၅)ဂဏန်းဟာ အက္ခရာချင်း မတူပေမယ့် အဖြေကတော့ တူသလို၊ ခု-မြမြတင်ပေးတဲ့ ကတိဟာလည်း ချစ်ပါတယ် ဆိုတဲ့ အဖြေ ..."

"ဟင်း-" ဟူသော အသံကလေးနှင့် အတူ မြမြတင်က မော်ကြည့်လိုက်သောကြောင့် ကိုလှပိုလည်း သီးခြားအသွင်ဖြင့် မှ င်သေသေ ပြုံးပြလိုက်လေ၏။

ကျား-မ-မဟူ၊ လူဆိုသော သတ္တဝါသည် တစ်ကြိမ်တစ်ခါမျှ သိကျွမ်းတွေ့ဆုံဖူးခြင်း မရှိဘဲ၊ မျက်နှာချင်းဆိုင်၍ စကားပြောဆိုရသည့် အခါတွင် များ သောအားဖြင့် ဟန်အမူအရာ လှုပ်ရှားမှုများ ပါ လွတ်လွတ်လပ်လပ်မရှိဘဲ ရှိုးတိုးရှန့်တန့် ဖြစ်နေတတ်ကြ၏။ အထူးသဖြင့် လက်သည် ဣန္ဒြေအပျက်ဆုံး ဖြစ်သည့် အတိုင်း လက်ကိုင်ပဝါထုတ်၍ မျက်နှာသုတ်ရမလို၊ မီးခြစ်ကိုလှမ်းယူ၍ ဆေးလိပ်မီးညှိရမလို ကပိုကရိဖြစ်တတ်ကြ၏။

အချစ်နှင့် ပတ်သက်လျှင်ကား ပို၍ ကဲ၍ ဣန္ဒြေပျက်တတ်သည့်အားလျော်ညီစွာ မြမြတင် ခမျာမှာ လည်း လက်ကလေးနှစ်ဖက်ကို ယှက်၍ လိမ်လိုက်၊ ဆိုဖာလက်တင်ကို တွင် တွင် ကြီးဆုပ်ကိုင်ထားလိုက်ဖြင့် အရှက်ကြောင့် ပျက်နေသော ကာယိန္ဒြေကို ဆယ်သောအားဖြင့် ချက်ချင်းပင် စောစောက ကျသွားသော ပန်းကလေးကို အသာကုန်းကောက်ပြီး ဘယ်ပြန်ညာပြန် လှည့်ကစားနေလေ၏။

"ဒီမှာ မြမြတင် ... ကျွန်တော်နဲ့ စကားပြောရတာ ရှက်နေသလားဟ

င် ..."

အဖြေကား ရုတ်တရက် ပေါ်မလာ။ စက္ကန့် ၂၀-လောက်ကြာမှ မြမြတင်သည် လည်ချောင်းရှင်းသလိုဖြင့် တံတွေးကို မျိုချလိုက်ပြီးမှ မော်မော်ကလေး မော့လာ၏။

"မှန်တာပြောရရင်၊ နည်းနည်းတော့ ရှက်သလိုလိုပဲ ကိုလှပို"

"အင်းပေ့ါလေ၊ ဒါက ဓမ္မတာပေကိုး၊ နည်းနည်းတော့ ရှက်မှာ ပဲ၊ ဒါနဲ့ ဟိုနှစ်ရက်က ကျွန်တော်မလာတာနဲ့ ပတ်သက်လို့ မြမြတင် စိတ်ဆိုးသေးသလား ...ဟင်"

"ဘာစိတ်ဆိုးစရာရှိသလဲ ကိုလှပို"

မြမြတင်သည် ကိုလှပိုအား ရဲရဲတင်းတင်းပင် ကြည့်ရင်း ပြောနေရာမှ နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်ပြီး -

"ဒါပေမဲ့ တစ်ခုရှိတာက"

မြမြတင်လည်း ဤတွင် တစ်ဖန်၊ ရုတ်တရက် စကားကို ဖြတ်လိုက်ပြန်သောကြောင့် -

"ဘာလဲ မြမြတင် ပြောစရာ ရှိတာကို တစ်ခုမှ ချန်မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောလိုက်တာဟာ အကောင်းဆုံးဖြစ်မှာ ပဲ၊ အားနာမနေပါနဲ့ မြမြတင်၊ ပြောသာပြောပါ"

ဤတွင် မြမြတင်လည်း အားယူ၍ တင်းလိုက်ရသော စိတ်ကလေးဖြင့် ရိပ်ခနဲမော့လိုက်ကာ -

"ကဲ ... ကျွန်မကလည်း ဘွင်းဘွင်းမေးမယ်နော်၊ ရှင်ကလည်း ပွင့်ပွင့်လင်းလင်းဖြေပါ၊ ပြောပါ၊ မေးစရာရှိလည်း မေးပေ့ါ ... ဟုတ်လား၊ ဟို

နှစ်ရက်က မလာတာကို စိတ်ဆိုးသလား ... လို့ ...၊ အမှန်ကတော့ ဘာစိတ်ဆိုးစရာ ရှိသလဲရှင်၊ တစ်ခုရှိတာက အဲသလို မလာတာဟာ ... အလုပ်များ နေလို့ ၊ မအားလို့ ဆိုတဲ့ သဘောရိုးအတိုင်း ဆိုရင်တော့ ပြီးတာပါပဲ။ ဒီလိုမှ မဟုတ်လို့ ဟိုနေ့က ကတောက်ကဆ ဖြစ်ရတာကို အကြောင်းပြုပြီး ဟို ... စကားပုံလို"

"ပြောပါ မြမြတင်၊ ရှင်းရှင်းသာပြောပါ"

"ဩော် ... ကျွန်မတို့ မြန်မာအိမ်ထောင်သည် တွေအဖို့ ဆိုပြီး စကားပုံတစ်ခု ရှိခဲ့ဖူးတယ် မဟုတ်လား ကိုလှပို၊ မယားနေစကြောင်သေမှ ဆိုတာလေ၊ အဲဒီစကားပုံအတိုင်း၊ ကိုလှပိုက ဒင်းကိုတော့ မညားခင် နှိမ်ထားမှ ပဲဆိုတဲ့ စိတ်မျိုးနဲ့ ဟိုနှစ်ရက် မလာဘဲနေတာ ဖြစ်ရင်တော့ -

"မြမြတင် ကျေနပ်လိမ့်မယ် မဟုတ်ဘူး ပေါ့ ..."

"မကျေနပ်ရုံတင် ဘယ်ကမလဲ ကိုလှပို၊ အဲသလိုစိတ်မျိုး ရှိတဲ့ လူဆိုရင် ကျွန်မ ဝေးဝေးက ရှောင်ချင်တာပဲ"

ကိုလှပို ရုတ်တရက် ငိုင်ကျသွား၏။ ထိုင်ထားသော ကိုယ်ကို ဟိုရွှေ့သည် လှုပ်ဖြင့် ရုတ်တရက် ဘာပြောရမည် မသိသလို ယောင်ချာချာ ဖြစ်နေသေး၏။

"မှန်တာကိုပဲ ကျွန်တော်ပြောပါ့မယ် မြမြတင်၊ အဲသလိုစိတ်မျိုးတော့ မရှိခဲ့တာ အမှန်ပါပဲ၊ နောက်ပြီး အဲဒီစကားကိုလည်း ကြားရုံသာ ကြားဖူးတယ်၊ ဘာအဓိပ္ပာယ်ရယ်လို ကျွန်တော်မသိဘူး၊ မြမြတင်ကော နားလည်သလားဟင်"

"ကျွန်မကြားဖူးတာကတော့ ဇနီးမောင်နှံတစ်စုံ ညားခါစ ပထမနေ့မှာ ထမင်းလက်ဆုံ စားနေတုန်း လင်လုပ်တဲ့ လူက

မယားကြောက်အောင်ဆိုပြီး ထမင်းစားပွဲနား လာအော်နေတဲ့ ကြောင်ကို ဓားနဲ့ ထခုတ်လို့ ပွဲချင်းပြီး သေသွားသတဲ့ ၊ ဒါနဲ့ မယားဖြစ်သူလည်း လင်ရဲ့ ရက်စက်ပုံကို မြင်ပြီး သိပ်ကြောက်သွားတယ်လို့ လူကြီးများ ပြောသံကြားဖူးတာပဲ"

စကားအဆုံးတွင် မြမြတင်က မသိမသာ ကိုယ်ကိုလှည့်၍ ငဲ့ကြည့်လိုက်သည် တွင် အားပါးတရ ပြုံးနေသော ကိုလှပိုနှင့် အကြည့်ချင်း ဆုံသွားကြကာ ...

"နို့ ... ဟိုနှစ်ရက်က ကျွန်တော်မလာတာနဲ့ ခု မြမြတင်ပြောပုံနဲ့ တခြားစီပါပဲလား မြမြတင်"

"ဟိုဟာက အကြမ်းနည်းလေ-ခု၊ ကိုလှပို ပြုမူပုံက သူမာရင် ငါလည်း တင်းမှာ ပေ့ါဆိုတဲ့ သဘောမျိုးလို အနုနည်း ဖြစ်ချင်လည်း ဖြစ်နိုင်တယ် မဟုတ်လား"

"ဒီလိုထင်ရင် မြမြတင် မှားမှာ ပေ့ါ၊ အဲဒီစိတ်မျိုး မရှိလို့ လည်း ခုန တုန်းက ကျွန်တော့်အမှားကို မှားတယ်လို့ ဝန်ခံခဲ့ပြီ မဟုတ်လား မြမြတင်"

စကားစဉ်တွင် အဆင်ပြေအောင် ဤလိုပြောလိုက်ရသော်လည်း အမှန်မှာ မြမြတင် ထင်သည့် အတိုင်း ... ယခုကတည်းက ခခယယ လုပ်နေလျှင် နောင်လည်း လုပ်ရမည် စသဖြင့် ကိုလှပိုသည် ထိုအတိုင်း ဒေါ်စိန်ပွင့်အား ပြောခဲ့မိသည် မဟုတ်ပါလော ...။

"ဒီလိုဆို ပြီးတာပါပဲလေ၊ ကျွန်မကတော့ ရှင်းရှင်းပဲ အဓိပ္ပာယ်မရှိတဲ့ အပြုအမူတွေ၊ စကားတွေနဲ့ အသားယူ အနိုင်ကျင့်တာမျိုးတော့ နည်းနည်းမှ ခံမှာ မဟုတ်ဘူး ။ ယောကျ်ားလည်း လူ၊ မိန်းမလည်း လူပဲ မဟုတ်လား။ ဒီတော့ လင်နဲ့ မယား ဆက်ဆံရာမှာ လည်း လူ - လူချင်းဆက်ဆံ

သလို ဆိုင်ရာ - ဆိုင်ရာ ဝတ္တရားကျေပွန်ရင် ပြီးတာပဲ။ ဘာမှ တစ်ယောက်အပေါ် တစ်ယောက် အကြောင်းမဲ့ စီးပိုးစရာ မလိုဘူးလို့ ထင်တာပဲ။ ကျွန်မမှားချင်လည်း မှားမပေါ့ရှင်"

မြမြတင်သည် စကားကို ဤတွင် ဖြတ်လျက် မျက်လွှာကိုပင့်ကာ ဝင့်ခနဲ လှမ်းကြည့်လိုက်၏။

"ဘယ်မှားမလဲ မြမြတင်၊ ကျွန်တော်လည်း ဒါမျိုးတွေ မနှစ်မြို့ပါဘူး၊ လင့်အပေါ်မှာ ဖြစ်ဖြစ်၊ မယားအပေါ်မှာ ဖြစ်ဖြစ် ပုံသေစနစ်နဲ့ တုပ်ချည်ထားတဲ့ စည်းကမ်းတွေဟာ ခုအခါမှာ ဖြင့် ခေတ်မမီတော့ဘူးလို့ ကျွန်တော်လည်း နားလည်ပါတယ်။ ဥပမာအားဖြင့် လင့်နောက်မှ အိပ်ရမယ် ဆိုတဲ့ စည်းကမ်းကို မယားဖြစ်သူက တစ်သဝေမတိမ်း လိုက်နာရမယ် ဆိုရင် ကဲ ကျွန်တော်က သောက်စားမူးရူး အပျော်ကြူးပြီး သန်းခေါင်သန်းလွဲမှ ပြန်လာမယ်ဆိုပါတော့ ဒါကို မြမြတင်ကပါ မအိပ်ဘဲ စောင့်ရမလို ဖြစ်မနေဘူးလား"

မြမြတင် ဒေါပွသလို သဘောကျသလိုဖြင့် ကပိုကရို ပြုံးမိပြီးမှ ဖြုန်းခနဲ တည်သွားကာ ...

"ဒါက ကိုယ့်အတွက် ကိုယ်ထွင်ထားတဲ့ ကိုယ်ပိုင်ဥပမာ ထင်ပါရဲ့ ကိုလှပို ..."ဟု မြမြတင်က မျက်စောင်းကလေးနှင့် စကားကို အဆုံးသတ်လိုက်သောကြောင့် ကိုလှပိုကလည်း သွားများ ပေါ်လာသည် အထိ ရယ်မိရာမှ ...

"စကားအဖြစ် ပြောပါတယ် ... အမှန်ကတော့ လင်နဲ့ မယားဆိုတာ မြမြတင်ပြောသလို ဆိုင်ရာတာဝန်တွေ ကျေပွန်ကြရင် ပြီးတာပါပဲ လင့်အရင်ထ - လင့်နောက်မှ စား ဆိုတာတွေက အခါခပ်သိမ်း လိုက်နာနိုင်ဖို့ ခဲယဉ်းတဲ့  စည်းကမ်းတွေမို့၊ ကျွန်တော်လည်း သိပ်လက်မခံပါဘူး မြမြ

တင် ...၊ သြော် ... ဒါနဲ့ ... ဦးတို့ က ဘာများ ပြောသေးလဲ ... ကျွန်တော်တို့ ကိစ္စအတွက် ..."

"ဒီပြင်တော့ ဘာမှ မပြောပါဘူး ဘယ်လထဲလောက်မှာ လက်ထပ်ချင်တယ်ဆိုတာ ကျွန်မတို့ လူငယ်ချင်း တိုင်ပင်ပြီး ပြောပါတဲ့ ၊ အဲဒီတော့မှ ကျွန်မတို့ သဘောကျတဲ့ လထဲက နေ့ကောင်းရက်မြတ်ကို ဖေဖေတို့ လူကြီးတွေက ရွေးပေးမယ် ပြောတာပဲ ..."

ကိုလှပိုမှာ အဘယ်ပုံ အတွေးဝင်လာသည် မသိ၊ ငေးမိငေးရာ ငေးနေပြီးမှ ...

"အမှန်ပဲ မြမြတင်၊ ဦးလို မိဘမျိုးတော့ ကျွန်တော်ဖြင့် ဒီတစ်ယောက်ပဲ တွေ့ဖူးသေးတယ် ..."

"ဒါတော့ ကိုလှပို လူတစ်ယောက်ဟာ တစ်ရပ်ထဲမှာ နေရင် ဒီတစ်ရပ်ထဲက ထူးခြားတဲ့ လူတစ်ယောက်တည်းရဲ့ အကြောင်းပဲ သိနိုင်မှာ ပေါ့ရှင်၊ ဒီလောက်ကျယ်ဝန်းတဲ့ မြန်မာပြည်ကြီးမှာ ဖေဖေ့လို မိဘတွေ အတော်များများ ပဲ ရှိပါလိမ့်ဦးမယ် ထင်ပါရဲ့ ..."

"ထားပါတော့လေ ... ဒါပေမဲ့ လူချမ်းသာမိဘတွေထဲမှာ ဆိုရင်တော့ ဦးလို ... အဖေမျိုး အတော်ကလေး ရှားလိမ့်မယ် ထင်တာပဲ ..."

"ကိုလှပို မတွေ့သေးတာ ဖြစ်ပါလိမ့်မယ်၊ ရှိတော့ရှိမှာ ပါပဲ၊ ခုခေတ် မိဘတွေက သိပ်အမြင်မကျဉ်းကြတော့ပါဘူး ..."

ကိုလှပိုက ယောက္ခမလောင်း ဦးညိုမောင်၏ စေတနာစိတ်ထားနှင့် လိုက်လျောမှုများ အတွက် ရက်ရောစွာ ချီးကျူးနေသလောက် မြမြတင်မှာ မူ ဝမ်းမြောက်ဝမ်းသာနှင့် ခေါင်းတညိတ်ညိတ် ရှိနေရမည့် အစား၊ ဦးညိုမောင်သည် ပင် ဘာမျှမထူးခြားတော့သလို ပြောနေသည့် အပြင်

ဂုဏ်ယူသင့်ပါလျက်နှင့် မယူဘဲ ရှိနေပြန်သောကြောင့် ၊ ဦးညိုမောင်အား ဂုဏ်ပြုရသည် မှာ ကိုလှပိုအဖို့ အားမလိုအားမရ အဖြစ်မျိုး ရောက်နေတော့၏။

"ဘာပဲဖြစ်ဖြစ်လေ ... လက်ထပ်ဖို့ နေ့ရက်အပိုင်းအခြားတောင် လူငယ်တွေ ရွေးဖို့ အထိ ခွင့်ပြုထားတယ်ဆိုတော့ ... ကျွန်တော်ဖြင့် အားတောင်နာ လာပြီ မြမြတင် ... အဟုတ်ဘဲ ... နို့ ... အဲဒီကိစ္စကော ခုတိုင်ပင်ဖို့ အချိန်တော်ပြီလို့ ထင်သလား ..."

မြမြတင်သည် ခေါင်းကလေးငုံ့ရင်း လက်ထဲမှာ သုံးပန်လှ ပွင့်ဖတ်ကလေးများကို တစ်လွှာချင်းခြွေနေရာမှ အသာမော့ကြည့်လိုက်ပြီး ...

"ကိုလှပိုကတော့ ... ဘယ်တော့လောက် စီစဉ်ရင် ကောင်းမယ်လို့ထင်သလဲ ..."

"ဒါကိုတော့ မြမြတင်ဆန္ဒအတိုင်း လုပ်စေချင်တယ်၊ ကျွန်တော်ကတော့ အရင်းတိုင်းနဲ့ ရနေပြီဟာ ဈေးဆစ်ဖို့ မလိုတော့ဘူး ..."

ဤတစ်ကြိမ်တွင် မူ မြမြတင်၊ ပြုံးလိုက်ပုံမှာ ရှုံးတိုးရှန့်တန့်မဟုတ်၊ သန့်သန့်ကြည်ကြည်နှင့် အမူအရာလည်း တည်လှ၏။

"ဒါဖြင့်လည်း ... ကျွန်မစဉ်းစားပြီး၊ ဖေဖေ့ကို ပြောလိုက်မယ်လေ၊ ဟုတ်ပလား ..." ဟု ပြောရင်း တံတောင်ကလေး ကွေး၍ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ပြီး ...

"၄-နာရီတောင် ခွဲနေပြီ ... ကိုလှပို၊ ဆိုင်ထွက်ဖို့ ကိစ္စ ရှိသေးရင် ..."

"ပြန်စေချင်ပြီလား မြမြတင် ..."

ကိုလှပို ဤသို့မေးလိုက်သည် နှင့် မြမြတင်လည်း မျက်တောင်ကလေး တဖျတ်ဖျတ်နှင့် ဆတ်ခနဲ မော့လာကာ ...

"အို ... ဒီကစေတနာနဲ့ ပြောတာကို ..."

"ကိုလှပိုကလည်း သိပါတယ် မြမြတင်၊ အလကား ရယ်စရာ ပြောလိုက်တာပါ၊ ရုတ်တရက် ညှိုးသွားတဲ့ မြမြတင်မျက်နှာကလေးက ကိုလှပိုအပေါ် ဘယ်လောက် မေတ္တာထားတယ်ဆိုတာ သက်သေခံနေတာပဲ၊ သိပါတယ်။ ကဲ ... ကိုလှပိုပြန်မယ်နော်၊ နက်ဖြန်ညနေလောက်တော့ လာခဲ့ပါဦးမယ် ..."

မကြာမီပင် ကိုလှပို အောက်ထပ်သို့ ရောက် လာပြီး ဦးညိုမောင်နှင့်ဒေါ်သင်းထုံတို့ အား နှုတ်ဆက် ထွက်ခွာသွားသည် တွင် ဒေါ်သင်းထုံလည်း ကိုလှပို၏ နောက်ပိုင်းကို တစ်မျိုး အမူအရာဖြင့် ငေးကြည့်နေပြီးမှ ဦးညိုမောင်ဘက်သို့ ပြန်လှည့်ကာ ...

ဘယ့်နှယ်လဲ ကိုညိုမောင်၊ ခုန ကျွန်မမေးတာ ပြောစမ်းပါဦး၊ ကလေးတွေ နေရာချထားပေးဖို့ ကိစ္စမှာ ကိုယ်ကလူကြီးပဲမဟုတ်လား၊ သင့်သလိုကြည့်ပြီး စီစဉ်လိုက်လည်း ပြီးတာပဲဥစ္စာ၊ ဘာကြောင့် များ သူတို့ကို ရက်တွေလတွေ ရွှေးခိုင်းနေရတာလဲ၊ ဒီကလေးတွေ ဘာနားလည်သမို့လဲ ..."

"မင်းနှယ့်ကွာ ငါ့မိန်းမလုပ်နေပြီး၊ ခုထက်ထိ အတွေးညံ့နေသေးသကိုးကွ၊ ဘယ်လ ဘယ်ရက်မှာ လက်ထပ်ပေးမယ်လို့ တို့ လူကြီးတွေကရက်ကန့်သတ်လိုက်ရင် သူတို့ နှစ်ယောက်ကို ပေးစားဖို့ သေချာသွားပြီဆိုတဲ့ သဘောမျိုး သက်ရောက်သွားမယ် မဟုတ်လား ..."

"နို့ ဒီအခြေအထိ ပြောဆိုပြီးတာတောင် ပေးစားဖို့ မသေချာသေးဘူးလား ကိုညိုမောင် ..."

"ဒါက စေ့စပ်ထားတဲ့ သဘောလောက်ပဲ ရှိသေးတာပဲကွ၊ ခုလို သူတို့လူငယ်ချင်းတိုင်ပင်ပြီး၊ ဘယ်လလောက် လက်ထပ်ချင်တယ် ဆိုတာကို

အရွေးခိုင်းတာက ဒီလိုမသင်းထုံရဲ့ ... တချို့လူငယ်တွေက ဒီလိုကိစ္စမှာ အမြန်ဆုံး ပြီးစေချင်ကြတယ်၊ တချို့ကတော့ နည်းနည်းပါးပါး အချိန်ယူပြီး စဉ်းစားချင်ကြတယ်။ အဲဒီတော့ သူတို့ ရဲ့ ဆန္ဒကို လူကြီးတွေက လိုက်ပြီး သိမနေနိုင်ဘူး။ သိအောင်လည်း မေးမနေချင်ဘူး။ မေးလည်း မမေးသင့်ဘူးပေါ့ကွာ။ ဒီတော့ သူတို့ ကို ရွေးခိုင်းလိုက်တာဟာ အကောင်းဆုံးဖြစ်မှာ ပဲ။ ဒီကြားထဲမှာ သူတို့ ချင်းလည်း တစ်ယောက်ကို တစ်ယောက် စိတ်နေသဘောထားနဲ့ ဝါသနာ အယူအဆချင်း တူမတူ သူတို့ ချင်း အကဲခတ်နိုင်တာပေါ့ကွာ ... ဟုတ်ဘူးလား"

"အင်း ... ဟုတ်ပါတယ်တဲ့ တော် ... ဟုတ်ပါတယ်တဲ့ ၊ ကျွန်မတော့ ဒါပဲပြောတတ်တယ်၊ အေး ကလေးတွေကို ဒီလောက် မြှောက်စားလွန်းတော့ တော်ကြာ ..."

"ဘာဖြစ်လဲ။ တော်ကြာ ... ငါတင်တဲ့ စစ်ကဲ ငါပဲကြည့်ထိန်းပါမယ်ကွာ၊ မင်းဒါတွေ ပူမနေစမ်းပါနဲ့ ၊ ကဲ လာ လာ အပေါ်တက်ကြစို့ ..."

ဦးညိုမောင်သည် ပြောပြောထထပင်၊ ထိုင်ရာမှ ထရပ်လိုက်၏။ အဖြူနှင့် အနက် ခပ်ကြီးကြီး ကွက်ထားသော မာစရိုက်လုံချည်ကို သုံးလေးချက် ခါပြီးမှ ပြင်ဝတ်လိုက်၏။ လက်ျာဘက် လက်ညှိုးနှင့် လက်မကို ထိပ်ချင်း တေ့ထိလိုက်ပြီး နှုတ်ခမ်းမွေးကျင်စွယ်၏ အလယ်ဗဟိုတွင် တင်လိုက်ကာ ပူးထားသော လက်ညှိုးနှင့် လက်မကို တဖြည်းဖြည်းချင်းခွာ၍ -ကား၍ နှုတ်ခမ်းမွေးကို သပ်ချလိုက်ရင်း လှေကားဆီသို့ လှမ်းသွားသောကြောင့် ဒေါ်သင်းထုံလည်း ခေါင်းတညိတ်ညိတ်နှင့် ထလိုက်သွားလေ၏။

သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ခင်းကျင်းပြင်ဆင်ထားသော ထမင်းစားပွဲတွင် ကြည်နူးမှု ဗရပွနှင့် မြိန်ရေရှက်ရေ စားသောက်နေကြ

သော ဦးညိုမောင်တို့ မိသားတစ်စုကို ကြည့်ရသည် မှာ သာယာလှသော ရှုမျှော်ခင်းတစ်ခုတွင် စိတ်ဝင်စားနေရသည် နှင့် မခြားသော စိတ်၏ ချမ်းသာခြင်းကို ဖန်တီး နေသကဲ့သို့ ရှိလေ၏။

"မထွေးရေ လာဦးသမီး၊ ရော့ ဒီဟင်းချိုကို ပူပူကလေးနဲ့ လဲပေးစမ်း ..."

စင်စစ်အားဖြင့် မထွေးမှာ ဦးညိုမောင်၏ သမီးတစ်ယောက်ကားမဟုတ်၊ အိမ်တွင် ကူဖော်လောင်ဖက်အဖြစ် ခေါ်ယူထားသော မိန်းမပျိုတစ်ဦးမျှသာ ဖြစ်သော်လည်း ဆက်ဆံရာ၌ မူ မြမြတင်နှင့် မခြား ပြောဆိုလေ့ ရှိသည့် အတိုင်း သမီးဟု ခေါ်ဝေါ်သုံးနှုန်းလိုက်ခြင်း ဖြစ်၏။

"ဘယ်လိုလဲသမီး တိုင်ပင်ပြီးကြပလား မောင်လှပိုနဲ့ ..."

ဦးညိုမောင်သည် ဟင်းချိုကိစ္စ ပြီးသည် နှင့် မြမြတင်ဘက်သို့ လှည့်၍ ဤသို့ မေးလိုက်သောကြောင့် ...

"ဟုတ်ကဲ့ ဖေဖေ ကိုလှပိုနဲ့ တိုင်ပင်ကြည့်တော့၊ ဒီကိစ္စကို သမီးဆန္ဒအတိုင်းပဲ စဉ်းစားပြီး ပြောလိုက်ပါတော့လို့ သမီးကို တာဝန်ပေးသွားတယ် ..."

မျက်နှာကလေး မဝံ့တဝံ့မော့ရင်း၊ လေပျော့ကလေးနှင့် ပြောလိုက်သော မြမြတင်၏ စကားဆုံးသည် တွင် ဦးညိုမောင်လည်း ထမင်းစားနေရင်းက ဝါးမိသော ငါးရိုးတစ်ခုကို လျှာဖြင့်ထိုးထုတ်၍ နှုတ်ခမ်းဖျားသို့ ရောက်လာသည် တွင် မှ လက်နှင့် ယူကာ အရိုးပန်းကန်ထဲ ထည့်လိုက်ပြီး ...

"အဲ နို့ သမီးကကော စဉ်းစားပြီးပလား ..."

"ဟင့်အင်းဖေဖေ၊ သမီး မစဉ်းစားရသေးဘူး ..."

"အေးအေး ... ဒီကိစ္စမျိုးက အချိန်ယူပြီး စဉ်းစားနိုင်လေ ကောင်းလေပေါ့ သမီးရယ် ... ပြီးတော့ သမီးသဘော တစ်ခုတည်းနဲ့ လည်း မဆုံးဖြတ်နဲ့ နော်၊ မောင်လှပိုကိုပါ တိုင်ပင်ဦး-ဟုတ်လား"

ထိုနေ့အချိန်၌ ဦးညိုမောင်တို့ ၏ သားရေး၊ သမီးရေး ဆွေးနွေးခန်းသည် ထိုမျှနှင့် ပင် ပြီးဆုံးသွားတော့၏။

*****